ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-8-2003)(၁၉၆၈)

ဗာဟုသစ္စဉ္စ တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၃ ခုနှစ် ဩဂုတ် ၂၀ရက်၌ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖယ်ရန့်မာဒ်လ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယနေ့လူငယ်များအနေဖြင့် အမိမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ကြိုးစားအားထုတ် ဝီရိယစိုက်ကြိုးစားမှုမရှိလျှင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးမှု နောက်ကျကျန်မည်ကိုသိမြင်ပြီး ဝီရိယအားထည့်ကြိုးပမ်းလာကြစေရန် ဆရာ၊ ဆရာမများဘက်က စည်းရုံးဦးဆောင်

ရန်ကုန် ဩဂုတ် ၁၉

ဇဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၃)သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မုန်းချောင်းရေလှောင်တမံ၏ ပင်မတမံနှင့် လက်ဝဲ၊ လက်ယာတို့တွင်ရှိသော သိုလှောင်ပြီးရေနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို ပန်းချီကားချပ်ပမာ ဤသို့လှပဝေဆာစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၀-၈-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုတွင် စေတနာ့ဝန်ထမ်းအဖွဲ့များ ပါဝင်ကူညီ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူတို့၏ စုစည်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်ကို အားပြည့်အင်ပြည့်ဖြင့် တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သန်စွမ်းသော နိုင်ငံသူ၊ နိုင်ငံသားတို့၏စွမ်းအားကို အပြည့်အဝလိုအပ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်သူ၊ ပြည်သားများ ကျန်းမာကြံ့ခိုင်မှုရှိစေရန် အစီအမံများကို ချမှတ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ရည်မှန်းချက်များ ပြည့်ဝစေရန် ကြိုးပမ်းလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရည်မှန်းချက်များ အောင်မြင်စေရန် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသပေးခြင်းစသည့် နည်းနာသုံးရပ်ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးအသုံးစရိတ်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပြီး ဆေးရုံ၊ ဆေးပေးခန်းအသစ်များ ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆေးဝါး ကျွမ်းကျင်ပညာရှင်များ စသည့် ကျန်းမာရေးဝန်ထမ်းများကို တိုးမြှင့်မွေးထုတ်ပေးခြင်း၊ ရောဂါရှာဖွေကုသမှုဆိုင်ရာပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးခြင်းလုပ်ငန်းများကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ မွန်မြတ်သောစေတနာဖြင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို နားလည်သိရှိကြသည့် ပြည်သူများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများကလည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်က ပါဝင်ကူညီလျက်ရှိကြသည်။

ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း၏ မေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ)ဌာန မဏ္ဍလေးဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၅ ရက်နေ့က မဏ္ဍလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မေတ္တာရိပ်မွန် အတွင်းလူနာဌာန မဏ္ဍလေးအဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။

ဦးလှထွန်းမေတ္တာရိပ်မွန် အတွင်းလူနာ (ကင်ဆာ)ဌာနကို ရန်ကုန်မြို့၌ ၂၀၀၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုတစ်ဖန် မဏ္ဍလေးမြို့၌ ဦးလှထွန်း မေတ္တာရိပ်မွန်အတွင်းလူနာ (ကင်ဆာ)ဌာနကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြန်ရာ ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းတွင် မော်ကွန်းတစ်ရပ် ရေးထိုးနိုင်ခြင်းပင်ဖြစ်ပေသည်။

ကင်ဆာရောဂါဝေဒနာရှင်များသည် အခြားရောဂါဝေဒနာရှင်များထက် ကာယဒုက္ခ၊ စိတ္တဒုက္ခ၊ လူမှုရေးဒုက္ခများ ပိုမိုခံစားရတတ်သဖြင့် နောက်ဆုံးအချိန်ရောက်နေသည့် ဝေဒနာရှင်များကို သည်းခံစိတ်ရှည်မှုအပြည့်အဝဖြင့် စောင့်ရှောက်ပေးနေသော နေရာဌာနဖြစ်သည်။

မေတ္တာရိပ်မွန်အတွင်းလူနာ(ကင်ဆာ)ဌာန မဏ္ဍလေးဖွင့်ပွဲနေ့က ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွက် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းထူထောင်သူက ငွေကျပ်သိန်း ၁၁၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ငွေသားနှင့်အလှူပစ္စည်းတန်ဖိုးငွေကျပ် ၁၄၂၈ သိန်း လှူဒါန်းခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုလျက်ရှိသည့် လုပ်ငန်းဆောင်တာများအနက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အမြတ်အစွန်းလုံးဝရယူခြင်းမရှိသော ကုသိုလ်ဖြစ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုများသည် ထပ်မံတိုးပွားပေါ်ထွန်းလာနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လ်ဒိုက်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မော်လ်ဒိုက်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Hohourable Ahmed Abdullah နှင့်အဖွဲ့အား ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



၂၀၀၃ခုနှစ် ကောဒသမအကြိမ်(၁၁ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ ဂီတာပြိုင်ပွဲအတွက် သတ်မှတ်ထားသောတေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်အဆင့်

(က)	ချစ်သမျှကို	(ပတ်ပျိုး)
(ခ)	ရွှေပြည်တော်သည်	(ပတ်ပျိုး)
(ဂ)	ဆယ်ဆယ်ရောင်	(ဒိန်းသံ)
(ဃ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(င)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(စ)	မင်္ဂလာသီရိ	(ဘွဲ့)
(ဆ)	ခိုင်ပန်းစုံမှုန်မာလာ	(ယိုးဒယား)
(ဇ)	အောင်မင်္ဂလာ	(ယိုးဒယား)

၂။ ဝါသနာရှင်အဆင့်

(က)	ထူးမခြားနား	(သီချင်းခံ)
(ခ)	ပန်းဟောဝန်	(ယိုးဒယား)
(ဂ)	ကက္ကဋုရွှေစည်(ခေတ်ဟောင်းကာလပေါ်)	(ဂီတာစိမ်းမောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ခ)	ကန္တာတောခြေ	(ယိုးဒယား)
(ဂ)	အန္တရာယ်ကင်း(ခေတ်ဟောင်းကာလပေါ်)	(ဂီတာစိမ်းမောင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က)	ထောင်ရောင်နေမှောင်မှောင်ခြွေ	(ကြိုး)
(ခ)	ဟောဝန်မြိုင်လမ်း	ယိုးဒယား)
(ဂ)	စုံတောမြိုင်(ခေတ်ဟောင်းကာလပေါ်)	(မကြည်အောင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က)	လူမနော	(ပတ်ပျိုး)
(ခ)	ဇေယျာအောင်ချာ	(ကြိုး)
(ဂ)	ရောင်တော်ဖွင့်(ခေတ်ဟောင်းကာလပေါ်)	(စိန်ပါတီ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က)	ထံတျာတေရှင်	(ကြိုး)
(ခ)	သီတာသီတာမြသား	(ကြိုး)
(ဂ)	ရွှေပဗ္ဗနို(ခေတ်ဟောင်းကာလပေါ်)	(ဥသြဘသောင်)

(ဆက်လက်ဖော်ပြပါမည်။)

အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၉

Y.E.S Language Centre မှ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အင်္ဂလိပ်စကားပြောသင်တန်းများနှင့် လစဉ်ဖွင့်လျက်ရှိသော B.S.E သင်တန်းများကို ဩဂုတ် ၂၃ရက်နှင့် ၂၅ရက်တွင်လည်းကောင်း၊ I.E သင်တန်းများကို ဩဂုတ် ၂၅ရက်တွင်လည်းကောင်း၊ ဆရာဦးမြင့်အောင်ကိုယ်တိုင်သင်ကြားသော AE/SAT II သင်တန်းကို ဩဂုတ် ၂၅ ရက်နှင့် Writing SAT(I), IELTS, TOEFL သင်တန်းများကိုလည်း ဖွင့်လှစ်လျက်ရှိရာ Y.E.S, Language Centre အမှတ်(၁၁၉)၊ Y.W.C.A အဆောက်အအုံ(ပထမထပ်)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၈၂၁သို့ စိတ်ဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

မှားယွင်းသော ဆင်ခြေများဖြင့် အီရတ်နိုင်ငံကို တိုက်ခိုက်ခဲ့

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန် အစိုးရအဖွဲ့သည် မှားယွင်းနေသော ဆင်ခြင်ပေးမှုများဖြင့် အီရတ်နိုင်ငံအပေါ် စစ်ဆင်နွှဲတိုက်ခိုက်ခဲ့ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်မှူးဟောင်း ဝက်စ်လေကလပ်ခ်က တနင်္ဂနွေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

မထိရောက်

အမေရိကန်အစိုးရသည် အီရတ်စစ်ပွဲအတွက် ကြည်းတပ်၏ ဖြန့်ကြက်မှုစွမ်းပကား ထက်ဝက်ကျော်ကို အီရတ်နိုင်ငံ၌ ဖြန့်ကြက်ခဲ့ကြောင်း၊ အမေရိကန်အစိုးရ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲအတွက် ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း မရှိတော့ကြောင်း အငြိမ်းစားကြည်းတပ် ဗိုလ်ချုပ်ကြီးဟောင်း ဝက်စ်လေကလပ်ခ်က ပြောကြားသည်။

ဆုံးဖြတ်မည်

မိမိသည် လာမည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် သင့်၊ မသင့် ရက်သတ္တနှစ်ပတ်မှ သုံးပတ်တာကာလအတွင်း ဆုံးဖြတ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

ဩဂုတ် ၁၈ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်တို့၏ ကျူးကျော်သိမ်းပိုက်မှုကို မကျေမနပ်ဖြစ်နေသည့် အီရတ် နိုင်ငံသားများနှင့် အမေရိကန် လုံခြုံရေးတပ်သားများ အချေအတင် အငြင်းပွားနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့များက ပစ်ခတ် ရိုက်တာဓာတ်ပုံသတင်းထောက် သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

ဆုရ ရိုက်တာ ဓာတ်ပုံသတင်းထောက်သည် တနင်္ဂနွေနေ့က ဘဂ္ဂဒက်မြို့ရှိ အကျဉ်းထောင်အနီးတွင်ဓာတ်ပုံသတင်းရယူနေစဉ် အမေရိကန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားရသည်ဟုဆိုသည်။

အဘူဂရာအဗ်အကျဉ်းထောင်သည် ဘဂ္ဂဒက်မြို့၏အနောက်ဘက်တွင် တည်ရှိသည်။ဓာတ်ပုံသတင်းထောက် လာရောက်သတင်းမယူမီအချိန်က ထိုအကျဉ်းထောင်သည် စိန်ပြောင်းဖြင့် အတိုက်ခိုက်ခံခဲ့ရသည်။ အသက် ၄၃ နှစ်ရှိ ဓာတ်ပုံသတင်းထောက် မာဇင်ဒါနာသည် သတင်းယူနေစဉ် အမေရိကန်တင့်ကားတစ်စီးမှပစ်ခတ်သဖြင့်သေဆုံးသွားရကြောင်း မျက်မြင်သက်သေများက ပြောပြကြသည်။

နောက်ဆုံးဓာတ်ပုံ

ဒါနာ နောက်ဆုံးရိုက်ခဲ့သော ဓာတ်ပုံများတွင် အမေရိကန်တင့်ကားတစ်စီးက ၎င်းရှိရာသို့ ဦးတည်၍ မောင်းနှင်လာသောပုံများကို တွေ့ရသည်။ တင့်ကားဆီမှ သေနတ်ပစ်ခတ်မှု အတော်များများထွက်ပေါ်လာပြီးနောက် ဒါနာ၏ကင်မရာမှာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

အမေရိကန်စစ်ဘက်က တနင်္ဂနွေက အဖြစ်အပျက်တွင် အမေရိကန်တပ်ဖွဲ့သည်သေဆုံးသွားသော ရိုက်တာ ဓာတ်ပုံသတင်းထောက်နှင့် ရင်ဆိုင်တွေ့ခဲ့ကြောင်း၊ ထိုကင်မရာကို အမေရိကန်စစ်သားများက ဒုံးပစ်လောင်ချာဟု အထင်မှားခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်တို့က အကျဉ်းထောင်ကို စိန်ပြောင်းဖြင့်အပစ်ခတ်ခံရကြောင်း၊ ထိုပစ်ခတ်မှုကြောင့် အီရတ် ခြောက်ဦး သေဆုံးသွားပြီး ၅၉ ဦးဒဏ်ရာရရှိသွားကြောင်း ထုတ်ဖော် အသိပေးပြီး နောက်ပိုင်းတွင်ဓာတ်ပုံသတင်းထောက်သည် အကျဉ်းထောင်ဆီသို့ သတင်းယူရန် သွားခဲ့ခြင်းဖြစ်သည်။

အတူရှိနေ

သေဆုံးသူ ဓာတ်ပုံသတင်းထောက် ဒါနာနှင့်အတူ အသံဘက်ဆိုင်ရာ ကျွမ်းကျင်သူ နားလ်အယ်ရှူကီလည်း အတူရှိနေသည်။ အပစ်ခတ်မခံရမီက ၎င်းတို့သည် အကျဉ်းထောင်မှ အာဏာပိုင်များနှင့် စကားပြောခွင့်ရနိုင် မရနိုင် သွားရောက်ခွင့်တောင်းခဲ့ရာ မရနိုင်ကြောင်း ပြန်ကြားခဲ့သည်ဟု ရှူကီက ပြောပြသည်။

သူတို့တစ်တွေဟာ ကျွန်တော်တို့ကို မြင်ပါတယ်။ ကျွန်တော်တို့ ဘယ်သူ ဘယ်ဝါဆိုတာလည်း သိကြပါတယ်ဟု ရှူကီကဆိုသည်။

ပစ်ခတ်မှုဖြစ်တဲ့ အချိန်ဟာ မွန်းလွဲပိုင်း အလင်းရောင် ကောင်းကောင်း ရှိနေတဲ့အချိန်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဓာတ်ပုံရိုက်ပြီးတော့ ကားထဲကို ပြန်ဝင်ကြပါတယ်။ အဲဒီအချိန်မှာ တင့်ကားတစ်စီး ဦးဆောင်တဲ့ ယာဉ်တန်း ဝင်လာတာတွေ့ရပါတယ်။ သေနတ်မှန်သေဆုံးသွားတဲ့ မာဇင်ဟာ ဓာတ်ပုံရိုက်ဖို့ ကားထဲက ထွက်ပြီး သုံးလေးမီတာလောက် အကွာကို လျှောက်သွားပါတယ်။ ကျွန်တော်တို့ကို သူတို့ ထင်ထင်ရှားရှားမြင်ရပါတယ်ဗျာဟု ရှူကီက ပြောပြသည်။

တင့်ကားပေါ်က ကျွန်တော်တို့ကို လှမ်းပစ်တယ်။ ကျွန်တော်မှောက်ချလိုက်တယ်။ မာဇင်က သူ့ရဲ့ ရင်ဘတ်ပေါ်လက်အုပ်ရင်းအော်လိုက်သံကို ကြားလိုက်ရပါတယ်ဟု ရှူကီက ဆက်လက်ပြောသွားသည်။

နောက်ဆုတ်ခိုင်း

ကျွန်တော်က စစ်သားတွေကို ခင်ဗျားတို့သတင်းသမားကို သတ်မိသွားပြီလို့ ပြောတဲ့အခါ သူတို့က ကျွန်တော့်ကို နောက်ဆုတ်နေဖို့ ပြောတယ်။ ကျွန်တော်လည်း နောက်ဆုတ်လိုက်ပြီး မာဇင့် ဒဏ်ရာက သွေးထွက်ရပ်သွားအောင် အကူအညီပေးဖို့ တောင်းတဲ့အခါ သူတို့ကလည်း ကူညီပါတယ်။ ဒါပေမယ့် သွေးထွက်များလွန်းတော့ ကျွန်တော့် မျက်စိအောက်မှာပဲ မာဇင်ဆုံးသွားရှာတယ်ဗျာဟု ဓာတ်ကြောင်း ပြန်ပြသည်။

အင်တာနက်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး နိုင်ငံတကာမှ လှူဒါန်းငွေများလိုအပ်

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံသည် နိုင်ငံပြန်လည် ထူထောင်ရေး လုပ်ဆောင်နိုင်ရန်နှင့် လာမည့်နှစ်တွင် ဘတ်ဂျက်ငွေစာရင်း ပြဿနာဆိုက်ရောက်မှုမှ ရှောင်ရှားနိုင်စေရန် အလှူရှင်နိုင်ငံများထံမှ ဒေါ်လာငွေ ဘီလျံပေါင်းများစွာ လိုအပ်မည်ဖြစ်ကြောင်း အသစ်ဖွဲ့စည်းလိုက်သော အီရတ်နိုင်ငံတကာ ညှိနှိုင်းရေးကောင်စီအကြီးအကဲက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံသည် ရေနံတင်ပို့ ရောင်းချခြင်းမှ ရရှိသောဝင်ငွေဖြင့် အစိုးရအဖွဲ့၏ အသုံးစရိတ် အရပ်ရပ်အတွက် ကျခံ သုံးစွဲနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး အတွက် ကျခံသုံးစွဲရမည့် ရန်ပုံငွေ အတွက် ပင်မကျောထောက်နောက်ခံ ပြုပေးရမည့် နိုင်ငံများမှာ နိုင်ငံတကာ အလှူရှင်နိုင်ငံများသာလျှင်ဖြစ်ကြောင်း နိုင်ငံတကာညှိနှိုင်းရေးကောင်စီ အကြီးအကဲ မာရက်ဗယ်လ်ခါက ပြောကြားသည်။ ၎င်းသည် ပိုလန်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဟောင်းဖြစ်သည်။

ကျခံသုံးစွဲ

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်မှာ အလွန်ကြီးမားမည် ဖြစ်ပြီး အီရတ်နိုင်ငံက ပြန်လည် ရေနံတင်ပို့ ရောင်းချခြင်းမှ ရရှိမည့် ဝင်ငွေထက် များစွာ ကျော်လွန်သော ငွေကြေးပမာဏကို ကျခံသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံပြန်လည်ထူထောင်ရေး ရန်ပုံငွေအတွက် ကမ္ဘာ့နိုင်ငံများက ထောက်ပံ့မှု ရရှိရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အီရတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်ကျော်၌ တစ်ရက်လျှင် ရေနံပီပါနှစ်သန်းအထိ ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၂ ဘီလျံမှ ၁၄ ဘီလျံအထိရရှိရန် အမေရိကန်က မျှော်လင့်ထားသည်။

သို့ရာတွင် လက်ရှိရေနံထုတ်လုပ်မှုမှာ မျှော်မှန်းခဲ့သည့်ပမာဏ၏ ရှစ်ပုံ တစ်ပုံခန့်သာလျှင်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ကျူးဘားအပေါ် အရေးယူမှုများ အဆုံးသတ်ရန် ကျူးဘား ပြည်သူတစ်သောင်းကျော် တောင်းဆို

ဟာဗားနား ဩဂုတ် ၁၈

ကျူးဘားပြည်သူ ၁၀၀၀၀ ကျော်သည် ကျူးဘားနိုင်ငံအပေါ် ရန်လိုသည့် အမေရိကန်၏မူဝါဒကို မကြာသေးမီက ပြစ်တင်ရှုတ်ချလိုက်ပြီး ကျူးဘားနိုင်ငံအပေါ် အရေးယူမှုများ အဆုံးသတ်ရန် တောင်းဆိုလိုက်သည်။

ကျူးဘားနိုင်ငံအလယ်ပိုင်း ပရီမီရိုဒီအင်နာရိုမြို့တွင် ကျင်းပသည့် လူထုအစည်းအဝေး၌ မြို့သူ၊ မြို့သားများက ၁၉၆၆ ခုနှစ်တွင် အမေရိကန် အတည်ပြုခဲ့သည့် ဥပဒေကို ဝေဖန်ကန့်ကွက်ခဲ့သည်။ ယင်းဥပဒေအရ မည်သည့်နည်းဖြင့်မဆို အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် ဝင်ရောက်လာသည့် ကျူးဘားနိုင်ငံသားများအား အမေရိကန်နိုင်ငံ၌ နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့် ပေးထားသည်။ ထို့အပြင် အမေရိကန်က ကျူးဘားနိုင်ငံအပေါ် ပြဋ္ဌာန်းထားသည့် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး အရေးယူမှုများကိုလည်း အဆုံးသတ်ပေးရန် ကျူးဘားပြည်သူများက တောင်းဆိုကြသည်။

သူလျှိုမှုဖြင့် ၁၉၉၈ ခုနှစ်တွင် ထိန်းသိမ်းခံရပြီး ၂၀၀၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ပြစ်ဒဏ်ချမှတ်ခဲ့ရသည့် ကျူးဘားနိုင်ငံသား ငါးဦးကို ကျူးဘားသို့ ပြန်လာခွင့်ပြုရန်လည်း အမေရိကန်အိမ်ဖြူက တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



ပိုတာလာနန်းတော်

တရုတ်ပြည်အနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော် လာဆာရှိ ကမ္ဘာလှည့် ခရီးသည်များ လာရောက်ရာ နေရာတစ်နေရာဖြစ်သည့် ပိုတာလာ နန်းတော်ကြီးကို ခရီးသည်များ လှေ့လာနေစဉ်။ (ဓာတ်ပုံ–ဆင်ဟွာ)

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ရေကြီးသဖြင့် လူ ၉၅ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၁၈

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၉၅ဦး သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၅ သန်းကျော် တန်ဖိုးရှိသည့် ကောက်ပဲသီးနှံ ဟက်တာ ၂၃၀၅၀၀ ကျော် ပျက်စီးခဲ့ကြောင်း အိန္ဒိယပီတီအိုင်သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အိမ်ခြေ ၁၀၀၆၆လုံးမှာ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ပြီးအမေရိကန် ဒေါ်လာ ၁ ဒသမ ၀၈ သန်းကျော်ခန့် ဆုံးရှုံးခဲ့ရသည်။

အဆိုပါပြည်နယ်ရှိ အဓိကမြစ်များမှာ စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်စီးဆင်းနေဆဲရှိပြီး လာမည့် ၂၄နာရီအတွင်း ယင်းပြည်နယ်၌ မိုးအသင့်အတင့် ရွာနိုင်သည်ဟု ဒေသဆိုင်ရာမိုးလေဝသဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်လွှတ်တော်၌ စွမ်းအင်မူဝါဒ အချေအတင်ဖြစ် ဓာတ်အားပြတ်တောက်မှုကြောင့် ပိုမိုအငြင်းပွားဖွယ်ဖြစ်လာ

နယူးယောက် ဩဂုတ် ၁၉

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုသည် ယခုသီတင်းပတ်တွင် ကမ္ဘာတစ်ဝန်း၌ ခေါင်းကြီးသတင်းဖြစ်ခဲ့သည်။

အမေရိကန်လွှတ်တော်၌ နိုင်ငံတော်စွမ်းအင်မူဝါဒနှင့် ပတ်သက်ပြီး အချေအတင်ဖြစ်လျက်ရှိနေမှုအပေါ် အဆိုပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုက ကျယ်ပြန့်စေခဲ့သည်။

အဓိက အငြင်းအခုံဖြစ်နေသည့် ကိစ္စသည် နိုင်ငံတစ်ဝန်းပြည်နယ်များကို ဖြတ်သန်းသွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို ကြီးကြပ်ထိန်းချုပ်ရန် ဒေသခံအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်ဖြစ်သည်။ အဆိုပါအဖွဲ့ ဖွဲ့စည်းမည့်ကိစ္စကို ပယ်ဖျက်မပေးမချင်း သမ္မတ၏ နိုင်ငံတော်စွမ်းအင်မူဝါဒကို ထောက်ခံမည်မဟုတ်ဟု လွှတ်တော်အမတ် အများစုက ပြောကြားလျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသထွက် ရေနံအပေါ် မှီခိုရမှု လျော့နည်းလာစေရန် သက်ဆိုင်ရာဒေသများ၌ ရေနံများ တူးဖော်ရန်နှင့် ရေနံအရင်းအမြစ်များ ရှာဖွေရန် စသည့်အချက်များအပေါ်၌ ဆွေးနွေးကြမည်ဖြစ်၍ ပိုမိုရှုပ်ထွေးသည့် ငြင်းခုံမှုများရှိလာမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက တင်ပြသည်။

စီအင်န်အင်န်။

ဘဂ္ဂဒက်မြို့တော် ရေပေးဝေရေးလုပ်ငန်း ဗုံးခွဲ ပိုက်ပေါက်ပြီးနောက် ပြတ်တောက်ကုန်

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းမှ အဓိက ရေပိုက်ကြီးမှာ ဒေသခံများ၏အပြောအရ ဗုံးခွဲခံရပြီးနောက် ပိုက်ပေါက်ကာ အနီးအနားလမ်းမကြီးများကို ရေဖုံးလွှမ်းကုန်ပြီး မြို့တော် ရေပေးဝေရေးလုပ်ငန်းလည်း တနင်္ဂနွေနေ့က ပြတ်တောက်သွားခဲ့သည်ဟု ရိုက်တာက ဖော်ပြသည်။

ရေနံပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးမှု၊ လျှပ်စစ်ဓာတ်အားပေးကြေးနန်းကြိုးများကို ဖြတ်တောက်ယူမှုနှင့် ရေပိုက်များကို ဖောက်မှုများက အီရတ်နိုင်ငံ၏ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော ရေနံလုပ်ငန်း ပြန်လည်တည်ဆောက်ရေးနှင့်အခြေခံဝန်ဆောင်လုပ်ငန်းများ ပြန်လည် ပုံမှန်ဖြစ်ရေး အမေရိကန်ဦးဆောင်သည့်တပ်များ၏ ကြိုးပမ်းမှုတို့ကို မအောင်မမြင်ဖြစ်စေသည်ဆို၏။

အီရတ်နိုင်ငံ၏ အဓိက စီးပွားရေးသွေးကြောတစ်ခုဖြစ်သည့် တူရကီနိုင်ငံသို့ ရေနံတင်ပို့သည့် ရေနံပိုက်လိုင်းမှာ ပြန်လည်အသုံးချ၍ ရေနံတင်ပို့ပြီး ရက်ပိုင်းအတွင်းမှာပင် ဗုံးဖောက်ခွဲမီးလောင်ခံရသဖြင့် လွန်ခဲ့သည့် ရက်သတ္တပတ်က ပိတ်လိုက်ရသည်။

အင်တာနက်။

တူရကီသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်း ပျက်စီးမှုပြင်ရန် ရက်သတ္တနှစ်ပတ်ကြာမည်

ရှာကက်(အီရတ်) ဩဂုတ် ၁၈

အီရတ်နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အရေးပါသော အသက်သွေးကြောတစ်ခုဖြစ်သည့် အီရတ်နိုင်ငံမှ တူရကီနိုင်ငံသို့ သွယ်တန်းထားသည့် ပြည်ပပို့ရေနံပိုက်လိုင်းသည် တနင်္ဂနွေနေ့အထိ မီးဆက်လက်လောင်လျက်ရှိရာ မီးခိုးမည်းများ ကောင်းကင်သို့ အလိပ်လိုက် အလိပ်လိုက် တက်သွားလျက်ရှိသည်။ ယင်းပိုက်လိုင်း မီးလောင်ပျက်စီးမှုကို ပြင်ဆင်ရန် ရက်သတ္တနှစ်ပတ်ကြာမည်ဖြစ်ကြောင်း အမေရိကန်စစ်တပ်က ပြောကြားလိုက်သည်။

၁၀ ရက်မှ ရက်သတ္တနှစ်ပတ်အတွင်း နေရာတိုင်းမှ သတင်းစုံရရှိနေကြောင်း၊ သို့ရာတွင် ရှေ့ဆက်လုပ်ရန် မည်သည့်အချက် လိုအပ်သနည်းဆိုသည်နှင့် ပတ်သက်၍ ရှာဖွေရန် အကြောင်းချင်းရာများမှာ တစ်ပုံတခေါင်းကြီးရှိနေသေးကြောင်းဖြင့် ဖော်ပြပါစစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်မြောက်ဖျားပိုင်းဒေသ သဲကန္တာရရှိ ရှာကက်ဒေသ မီးလောင်ရာနေရာတွင် ရေနံပိုက်လိုင်း ပေါက်နေသည့်နေရာမှ မီးတောက်မီးလျှံများ တနင်္ဂနွေနေ့က ပေါ်ထွက်လာခဲ့သည်။ တာဝန်ရှိပုဂ္ဂိုလ်များက အဆိုပါမီးကို ငြိမ်းသတ်ပြီးကြောင်း စနေနေ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၁၈ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ရေပိုက်လိုင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-ဆင်ဟွာ)

အီရတ်စစ်ပွဲတွင် ထိခိုက်ဒဏ်ရာရသော အမေရိကန်စစ်သည် ၈၂၇ ဦးမကရှိသည်ဟုဆို

ဩဂုတ် ၄ရက်နေ့ထုတ် The Guardian တွင်ဖော်ပြထားသော Julian Berger ရေးသားသော "The Unreported Cost of War; at Least 827 American Wounded" ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြသည်။

အီရတ်စစ်ပွဲအတွင်း အမေရိကန်စစ်သား အသေအပျောက် အထိအရှုနည်းပါးသည်ဟု အမေရိကန်ပြည်သူများ ထင်မြင်ယူဆအောင် ဖန်တီးထားကြသည်။ အမှန်စင်စစ်မှာမူ အထိအရှုစာရင်းမှာ လူအများ သိရှိထားကြသည်ထက် နှစ်ဆမကများပြားသည်ဟု ဆိုသည်။ ထိုသို့ဖြစ်ရသည်မှာ အီရတ်စစ်ပွဲအတွင်း ထူးထူးခြားခြား မတော်တဆမှုများပြားနေခြင်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှု မြင့်မားခြင်းနှင့် အခြား စစ်ပွဲနှင့် မဆိုင်သော အသေအပျောက်များ ထူပြောနေခြင်းကြောင့် ဖြစ်သည်။ အထိအရှုစာရင်းအများအပြားနှင့် စပ်ဆိုင်သော သတင်းအများစုမှာ မီဒီယာများသို့ ရောက်မလာသော အခြေအနေရှိသည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲကြီးများ ပြီးဆုံးပြီဖြစ်ကြောင်း မေလ ၁ရက်နေ့က ကြေညာခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်ခဲ့ပြီးနောက်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သား ၅၂ဦး အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ပင်တဂွန် အမေရိကန် စစ်ဌာနချုပ်မှရသော အဆိုပါသတင်းမှာ မီဒီယာအများအပြားတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးရသော အမေရိကန် အသေအပျောက်စာရင်းမှာ ထုတ်ပြန်ထားသည်ထက် ပိုမိုမြင့်မားပြီး အားလုံးစုစုပေါင်း ၁၁၂ဦး ရှိသည်ဟုဆိုသည်။

အမေရိကန်များအီရတ်စစ်ပွဲအတွင်း ပေးဆပ်ရသော အခြားအဖိုးအခတစ်ခုလည်း ရှိသေးသည်။ ထိုအဖိုးအခမှာ ဒဏ်ရာရသော အမေရိကန်စစ်သည် အရေအတွက်ပင်ဖြစ်သည်။ ၎င်းစာရင်းကို သတင်းဌာနများသို့ ပေးပို့ခြင်း မရှိပေ။ အီရတ်စစ်ပွဲစတင်ချိန်မှ ယခုသတင်းရေးသားချိန်အထိ ဒဏ်ရာရသူ အမေရိကန်စစ်သားဦးရေမှာ ၈၂၇ဦး ရှိပြီဟု သတင်းများကဆိုသည်။

တရားမဝင်အထိအခိုက် ကိန်းဂဏန်းများမှာ ထောင်နှင့်ချီ၍ရှိသည်ဟု သိရသည်။ အမေရိကန်သမ္မတသည် အီရတ်စစ်ပွဲ အောင်မြင်မှုသတင်းကို မေလဆန်းပိုင်းက လေယာဉ်တင်သင်္ဘော ယူအက်အက်လင်ကွန်းပေါ်မှ ကြေညာခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများ၏ ထက်ဝက်ခန့်မှာ သမ္မတ၏ကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူအများစုမှာ ခြေလက်အင်္ဂါများ ဆုံးရှုံးကြရသည်။

စစ်ပွဲအထိအရှုစာရင်းများမှာ နိုင်ငံရေးအရ အတိမ်းအစောင်းမခံသော ကိစ္စတစ်ခုဖြစ်သည်။ အီရတ်စစ်ပွဲအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်စစ်သားဦးရေမှာ ၁၆၆ဦးရှိရာ ထိုစာရင်းသည် ပထမဖြစ်ပွားသော ပင်လယ်ကွေ့စစ်ပွဲအတွင်း အကျအဆုံးဦးရေထက် ၁၉ဦး ပိုမိုနေသည်ကိုတွေ့ရသည်။

ဘဂ္ဂဒက်မြို့တော် အမေရိကန်တပ်များလက်သို့ ကျသွားစဉ်က အီရတ်စစ်ပွဲသည် အမေရိကန်များအတွက် လွယ်လွယ်နှင့်ရခဲ့သော အောင်ပွဲဟု မှတ်ယူခဲ့ကြသည်။ သို့သော် ယခုစစ်ပွဲအတွင်း အမေရိကန် အကျအဆုံးသည် ယခင်ပင်လယ်ကွေ့စစ်ပွဲကထက် များပြားနေသည်ကို သိလာရသောအခါ အထက်ပါမှတ်ယူချက်မှာ မှားယွင်းနေကြောင်း သိမြင်လာကြသည်။

ဂါးအပ် လူထုသဘောထား ကောက်ခံရေးအဖွဲ့က အမေရိကန်အစိုးရအပေါ် ပြည်သူ့သဘောဆန္ဒကို သိရှိရန် ကောက်ခံမှုတစ်ခု ပြုလုပ်ခဲ့သည်။ ၆၃ရာခိုင်နှုန်းသော အမေရိကန်များသည် အီရတ်စစ်ပွဲ ဆင်နွှဲရေးကိစ္စကို ယခုအထိမှန်ကန်သည်ဟု လက်ခံထားကြဆဲ ဖြစ်သည်။ သို့သော် ၂၅ရာခိုင်နှုန်းမှာ အမေရိကန်တပ်ဖွဲ့များအီရတ်မှ ထုတ်နုတ်သွားစေလိုပြီး အချို့က အမေရိကန်အကျအဆုံး အထိအရှု ဆက်လက်များပြားနေလျှင် တပ်များကို အီရတ်မှ ရုပ်သိမ်းစေလိုသော သဘောရှိကြသည်။

အမေရိကန်စစ်သည် သေဆုံးမှုစာရင်းတွင် တိုက်ပွဲကြောင့် သေဆုံးမှုအပြင် မတော်တဆသေဆုံးမှု၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှင့် တိုက်ပွဲနှင့်မဆိုင်သော သေဆုံးမှုများပါ ထည့်သွင်းရေတွက်လျှင် အီရတ်စစ်ပွဲအတွင်း အမေရိကန်သေဆုံးမှု အစုစုသည် ၂၄၈ဦးရှိသည်။ ထိုအသေအပျောက်နှင့် အထိအရှုစာရင်းများသည် အမေရိကန်သမ္မတ ဘုရှ် နောက်တစ်ကြိမ်သမ္မတအဖြစ် ပြန်လည်အရွေးခံရရေးကိစ္စကို ထိခိုက်စေသည်ဟုဆိုသည်။

ပင်တဂွန် အမေရိကန်စစ်ဌာနချုပ်က တိုက်ပွဲနှင့်မဆိုင်သော အသေအပျောက်စာရင်း အသေးစိတ်ကို ထုတ်ဖော်ခြင်းမရှိပေ။ သို့သော် တရားဝင်စာရင်းဇယားများကို ဂြိုဟ်တု အင်တာနက်ဝက်ဘ်ဆိုက်မှ လေ့လာနေသော အမေရိကန် ဝက်ဘ်ဆိုက်ဌာနက စစ်ပွဲနှင့်မဆိုင်သော အမေရိကန် အသေအပျောက်စာရင်းတစ်ခုကို ပြုစုနိုင်ခဲ့သည်။ ထိုစာရင်းများအရ ကားနှင့်ရဟတ်ယာဉ် မတော်တဆမှုကြောင့် အမေရိကန်စစ်သား ၂၃ဦး၊ လက်နက်နှင့် ပေါက်ကွဲစေတတ်သောပစ္စည်း မတော်တဆမှုကြောင့် စစ်သား ၁၂ဦး၊ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုကြောင့် စစ်သား သုံးဦး၊ ရောဂါဘယကြောင့် သုံးဦးနှင့် ရေနစ်သေဆုံးမှုကြောင့် သုံးဦး အသက်ဆုံးရှုံးရကြောင်း သိရပြီး ကျန်အသေအပျောက်များနှင့် သက်ဆိုင်သော အကြောင်းအရင်းကို မသိရပေ။

ဒဏ်ရာရသော အမေရိကန်စစ်သားများကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် လေယာဉ်ဖြင့် ဝါရှင်တန်မြို့အနီးရှိ အင်ဒရူးလေတပ်စခန်းသို့ မရပ်မနား သယ်ပို့ပေးလျက်ရှိသည်။

လူနာများပြားမှုကြောင့် ဆေးရုံဝန်ထမ်းများသည် တစ်ပတ်လျှင် နာရီ ၇၀ မှ ၈၀ အထိ အလုပ် လုပ်နေကြရသည်။ ဝါရှင်တန်မြို့အနီးရှိ ဝေါလတာရီစစ်ဘက်ဆေးရုံတွင် လူနာများပြားလှသဖြင့် သာမန်အားဖြင့် ကင်ဆာရောဂါသည်များအတွက် သီးသန့်ချန်ထားသော ခုတင်များကိုပင် အသုံးပြုနေရသော အခြေအနေရှိသည်ဟု စီဘီအက်စ်ရုပ်မြင်သံကြားဌာန သတင်းကဆိုသည်။

ယခုအတောအတွင်း ဒဏ်ရာရသူ မရိန်းစစ်သားလူနာအသစ်များကို နေ့စဉ်နီးပါး လေယာဉ်ဖြင့် သယ်ယူလာလျက်ရှိသည်။ ထိုလူနာများကို ဝေါလတာရီဆေးရုံအနီးရှိ ဘာသီစဒါရေတပ်ဆေးရုံသို့ပို့ပြီး ကုသပေးနေသည်။

အမေရိကန်စစ်ဌာနချုပ်၏ တရားဝင် ဒဏ်ရာရစစ်သည်များ စာရင်းမှာ ၈၂၇ ဦးရှိသည်။ သို့ရာတွင် ထိခိုက်မှုစာရင်းအမှန်မှာ တရားဝင်စာရင်းထက် များစွာ ပိုမိုဟန်ရှိသည်ဟု ဆိုသည်။

ကာတာနိုင်ငံရှိ အမေရိကန်ကွပ်ကဲမှုစစ်ဌာနချုပ်၏ ထိခိုက်မှုခန့်မှန်းချက်စာရင်းအရမူ ဒဏ်ရာရသူ စစ်သား ၉၂၆ဦးရှိကြောင်းသိရသည်။ ဒုတိယဗိုလ်မှူးကြီး အယ်လင်ဒီလိန်းသည် ဒဏ်ရာရစစ်သားများကို လေကြောင်းမှ သယ်ယူပို့ဆောင်ပေးရေးလုပ်ငန်းကို တာဝန်ယူရသူဖြစ်သည်။ ၎င်းက အထက်ပါကာတာဌာနချုပ်၏ ခန့်မှန်းချက်သည် အမှန်စာရင်းထက် လျော့နည်းနေသည်ဟု ပြောကြားသည်။

အီရတ်စစ်ပွဲစဖြစ်ကတည်းက ဖြစ်ပွားသော ဒဏ်ရာရရှိသူများ စာရင်းအတိအကျကို ပေးရန်ခက်သည်။ အကြောင်းမှာ ထိုကိစ္စသည် လျှို့ဝှက်သောသတင်းတွင် ပါဝင်နေသောကြောင့်ဖြစ်သည်။ ဒါပေမယ့် ကျွန်တော်ပြောနိုင်တာကတော့ အင်ဒရူးလေဆိပ်ကို ရောက်လာတဲ့ အရေအတွက်ကတော့ ၄၀၀၀ကျော်သည်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ အင်ဒရူးကနေ ဝေါလတာရီနှင့် ဘာသီစဒါဆေးရုံတွေကို ပို့ရသည့်အရေအတွက်ပါ ပေါင်းလျှင် ထိုထက်နှစ်ဆအထိရှိသွားနိုင်သည်ဟု ဒီလိန်းက နေရှင်နယ်ပါဘလီ ရေဒီယိုသို့ ပြောပြခဲ့သည်။

၉၀ရာခိုင်နှုန်းသော ဒဏ်ရာရသူများမှာ စစ်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့်သူများ ဖြစ်ကြသည်။ အချို့သော ဒဏ်ရာရသူများသည် အင်ဒရူးဆေးရုံမှအခြားသော နေရာများသို့ ပါသွားကြသည်။ ၎င်းတို့ကိုပါ ထည့်သွင်းရေတွက်မိနိုင်သဖြင့် နှစ်ထပ်နှစ်ပြန် စာရင်းသွင်းမိနိုင်သည်။ မည်သို့ဆိုစေကာမူ အမှန်တကယ် ထိခိုက်ဒဏ်ရာရသူများစာရင်းသည် တရားဝင်ထုတ်ပြန်ထားသော ဒဏ်ရာရသူများစာရင်းထက် များစွာပိုမိုနိုင်သေးသည်ဟု ဆိုသည်။

ဧပြီလအတွင်းက ရှေ့တန်းစစ်မြေပြင်မှ အင်ဒရူးစခန်းသို့ ရောက်လာသူဦးရေသည် ၁၂၀၀ကျော်ရှိပြီး မေလအတွင်းမှာ ရောက်လာသည့် အရေအတွက်သည် ထပ်မံမြင့်တက်သွားပြီး ၁၅၀၀ခန့်အထိ ရှိလာကြောင်း ဒီလိန်းကပြောပြသည်။ ။

ကင်းလှည့်စောင့်ကြပ်

ဩဂုတ် ၁၈ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်ကင်းလှည့်စောင့်ကြပ်နေသည့် ဩစတြေးလျတပ်သားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆရာတွင် တိုက်ပွဲဖြစ်၍ ဒိန်းမတ်စစ်သားတစ်ဦးသေဆုံး

ဘာဆရာ (အီရတ်) ဩဂုတ် ၁၈

အီရတ်နိုင်ငံ တောင်ဖျားပိုင်းဒေသတွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များမှ တပ်သားများနှင့် လျှပ်စစ်ဓာတ်အားပေးကြိုးခိုးသူများ အုပ်စုတစ်စုတို့ တိုက်ခိုက်မှုဖြစ်ပွားရာတွင် ဒိန်းမတ်စစ်သားတစ်ဦးနှင့် အီရတ်နိုင်ငံသားနှစ်ဦးတို့ ထိခိုက်သေဆုံးခဲ့ကြောင်း ဗြိတိသျှစစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဖမ်းဆီးရန်ကြိုးပမ်း

ဘာဆရာမြို့ အနောက်ပိုင်းတွင် စနေနေ့ညနေက ပုံမှန်ကင်းလှည့်နေသည့် ဒိန်းမတ်တပ်ဖွဲ့က လျှပ်စစ်ဓာတ်အားပေး ကြေးနီကြိုးများ လုယက်ခိုးယူလာသူ ရှစ်ဦးအား ဖမ်းဆီးရန်ကြိုးပမ်းကြောင်း ဗိုလ်မှူးအီယန်ပူးလ်က ပြောကြားလိုက်သည်။ ယင်းသို့ဖြင့် ပစ်ခတ်မှုဖြစ်ပွားရာ စစ်သားတစ်ဦးနှင့် အီရတ်နှစ်ဦးတို့ သေဆုံးသွားခြင်းဖြစ်သည်။

အခြားအီရတ်ခြောက်ဦးအား ထိန်းသိမ်းထားကြောင်း ပူးလ်က ပြောကြားသည်။

အသက် (၃၄) နှစ်ရှိ ဒုတိယတပ်ကြပ် ပီဒါဆင်သည် မတော်တဆဖြစ်ပွားမှုဖြင့် သေဆုံးခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှုတွင်ပါဝင်သည့် စစ်သားများက ယင်းပစ်ခတ်မှုမှာ မတော်တဆ ပစ်ခတ်မှုဖြစ်ကြောင်း ဒိန်းမတ်စစ်တပ်မှ သတင်းဆက်သွယ်ရေးအရာရှိ ကင်ဂရမ်ဘာဂါက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပထမဆုံးသေဆုံးမှု

အမေရိကန် ဦးဆောင်၍ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချပြီးသည့်နောက်ပိုင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံပြီးလျှင် ယခုဒိန်းမတ်စစ်သားသေဆုံးမှုသည် အမေရိကန်၏ အပေါင်းပါနိုင်ငံများမှ ပထမဆုံးသော သေဆုံးမှုဖြစ်သည်။

ပြန်လည်ခေါ်ယူမည်မဟုတ်

ဒိန်းမတ်တပ်ဖွဲ့တွင် ခြေလျင်တပ်ဖွဲ့၊ ဆေးတပ်ဖွဲ့နှင့် မိုင်းရှင်းလင်းရေးတပ်ဖွဲ့တို့ ပါဝင်သည်။ ဒိန်းမတ်စစ်သား သေဆုံးမှုကြောင့် ဒိန်းမတ်နိုင်ငံက ၎င်း၏စစ်သားများကို အလျင်စလို ပြန်လည်ခေါ်ယူမည်မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျင်စဘီက ဒိန်းမတ်ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ယမန်နှစ်မတ်လက ဒိန်းမတ်စစ်သားသုံးဦး သေဆုံးခဲ့ရာတွင်လည်း ဒိန်းမတ်နိုင်ငံက ၎င်း၏စစ်သားများကို ပြန်လည်ခေါ်ယူခြင်း မပြုခဲ့ချေ။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အုပ်ချုပ်ရေး ကိုယ်စားလှယ်အဖွဲ့ ကူဝိတ်အစိုးရ လက်ခံတွေ့ဆုံမည်

ကူဝိတ်စီးတီး ဩဂုတ် ၁၈

အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အီဘရာဟင်အယ်ဂျက်ဖာရီနှင့် ၎င်းနှင့်လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ကို ကူဝိတ်နိုင်ငံက လာမည့် ဗုဒ္ဓဟူးနေ့တွင် လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက်အင်ဆာဘားက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အီဘရာဟင်အယ်ဂျက်ဖာရီ၏ ကူဝိတ်ခရီးစဉ်က နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည်ဟု မိမိတို့မျှော်လင့်ကြောင်းဖြင့် ကူဝိတ်အစိုးရအဖွဲ့အပတ်စဉ် အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက်အင်ဆာဘားက သတင်းထောက်များအား ပြောကြားလိုက်သည်။

အခြားသူကို စိတ်ရင်းစေတနာကောင်းထားရှိရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးမူအရ ဒေသတွင်းတည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်ရန်နှင့် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ယခုအခါ မိမိတို့လက်တွဲဖို့ အချိန်တန်ပြီဖြစ်ကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးက ပြောဆိုသည်။

အပြန်အလှန်လေးစားပြီး အပြန်အလှန်ယုံကြည်မှုရှိရှိ အီရတ်နှင့် ညီအစ်ကိုဆက်ဆံရေးကို ကူဝိတ်နိုင်ငံက မြှင့်တင်ရန်လိုလားကြောင်းဖြင့် ၎င်းက အလေးအနက်ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အရေးပါသည့် မူးယစ်မှောင်ခိုသမားရှစ်ဦး မက္ကဆီကို၌ဖမ်းမိဟု တာဝန်ရှိပုဂ္ဂိုလ်များပြောဆို

မက္ကဆီကိုစီးတီး ဩဂုတ် ၁၈

မက္ကဆီကိုမှ အမေရိကန်ပြည်ထောင်စုသို့ မူးယစ်ဆေးဝါးတင်ပို့မှု၏ သုံးပုံတစ်ပုံကို တာဝန်ယူလုပ်ရှားနေသည့် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်သူ ရှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မက္ကဆီကိုတာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားသည်။ ဖမ်းဆီးမိသူများထဲ၌ နှစ်နိုင်ငံစလုံးက အလိုရှိနေသည့် မူးယစ်ဆေးဝါးရာဇာဟု သင်္ကာမကင်းခံရသူတစ်ဦးလည်း ပါဝင်သည်။

မက္ကဆီကိုနှင့် ကိုလံဘီယာ မူးယစ်ဆေးဝါး မှောင်ခိုသမားများအကြား အရေးပါသည့် ဆက်သွယ်ညှိနှိုင်းပေးသူအဖြစ် အမေရိကန်က တရားစွဲဆိုထားသည့် ဗယ်လင်စီယာကော်နီလီယိုကို မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ရာခါလာဂျာရာမြို့တွင် သောကြာနေ့က ဖမ်းဆီးမိခဲ့ကြောင်း အစိုးရရှေ့နေချုပ် မာစီဒိုဒီလာကွန်ချာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဗယ်လင်စီယာသည် ကိုလံဘီယာမှ အဆက်အသွယ်များကို အခိုင်အမာရယူကာ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုအကြား လှုပ်ရှားနေသည့် ရက်စက်ကြမ်းကြုတ်သော အဖွဲ့အစည်းကို ဦးဆောင်နေကြောင်း မက္ကဆီကိုကာကွယ်ရေးဝန်ကြီး ကလီမန်တီဗီလာက ပြောကြားသည်။

မသင်္ကာသူရှစ်ဦးကို ဂျာဒါလာဂျာရာမြို့အတွင်းနှင့် အနီးတစ်ဝိုက်ရှိ စားသောက်ဆိုင်များတွင် မက္ကဆီကို ရှေ့နေချုပ်ရုံးနှင့် လေတပ်မှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံ၌ ဘိန်း ၈၂၂ ကီလို သိမ်းဆည်းမိ

တီဟီရန် ဩဂုတ် ၁၈

အီရန်နိုင်ငံမှ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ရဲတပ်ဖွဲ့သည် အီရန်နိုင်ငံအလယ်ပိုင်း ဟာ့ဇ်ပြည်နယ်တွင် ဘိန်း ၈၂၂ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း အီရန်တရားဝင်သတင်းဌာန အိုင်အာအင်အေက ဖော်ပြသည်။

ကြာသပတေးနေ့က ဆင်နွှဲသည့် စစ်ဆင်ရေးအတွင်း သိမ်းဆည်းရမိသည့် အဆိုပါဘိန်းများမှာ ကားတစ်စီးအတွင်း ဝှက်ယူလာခြင်းဖြစ်ပြီး တရားမဝင်မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၏ နောက်ကွယ်တွင် လှုပ်ရှားသူများကို ဖမ်းဆီးအပြစ်ပေးရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ။

စွန့်ပစ်အဏုမြူဓာတ်ကြွ ယူရေနီယံကျည်ဆန် သုံးစွဲ အီရတ်ပြည်သူလူထုအတွင်း ကင်ဆာဖြစ်ပွားမှု တိုးပွား

ဘဂ္ဂဒက် ဩဂုတ် ၁၈

ဂျပန်နိုင်ငံတွင် အီရတ်ဆရာဝန်နှစ်ဦး လာရောက်လည်ပတ်လျက်ရှိပြီး အီရတ်နိုင်ငံ၏ အခြေအနေများကို ရှင်းလင်း တင်ပြလျက်ရှိသည်။ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက စွန့်ပစ်အဏုမြူဓာတ်ကြွ ယူရေနီယံသတ္တုများဖြင့် ပြုလုပ်ထားသော ကျည်ဆန်များကို အသုံးပြုခဲ့ကြကြောင်း၊ ထိုကျည်ဆန်များကြောင့် ယခုအခါ အီရတ်ပြည်သူများအကြားတွင် ကင်ဆာရောဂါနှင့်လူကီးမီးယားခေါ် သွေးကင်ဆာရောဂါ ခံစားရသူဦးရေမှာ တိုးပွားလျက်ရှိကြောင်း ဆရာဝန်နှစ်ဦးက ရှင်းပြသည်။

၁၁၆ ဦး

၁၉၉၁ ခုနှစ်တွင်းက ဖြစ်ပွားခဲ့သော ပင်လယ်ကွေ့ စစ်ပွဲအတွင်းကလည်း အမေရိကန်တို့သည် နိုင်ငံ၏ တောင်ပိုင်း၌ အဏုမြူဓာတ်ကြွ ယူရေနီယံ ကျည်ဆန်များကို အသုံးပြုခဲ့ကြသေးသည်။ ၂၀၀၁ ခုနှစ်တွင် လေ့လာချက်များအရ အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့ဝန်းကျင်တွင် လူဦးရေ ၁၀၀၀၀၀ လျှင် ၁၁၆ ဦးမှာ ကင်ဆာရောဂါခံစားနေသည်ကို သိရကြောင်း ဆရာဝန်တစ်ဦးကဆိုသည်။ ၁၉၈၈ ခုနှစ်အတွင်းက လူ ၁၀၀၀၀၀ လျှင် ကင်ဆာရောဂါဖြစ်ပွားသူ ၁၁ ဦးသာ ရှိခဲ့သောကြောင့် ၂၀၀၁ ခုနှစ်၌ တွေ့ရှိရသောနှုန်းထားသည် ၁၀ ဆပိုမိုများပြားနေသည်ဟု ဆိုသည်။

၁၉ ဆတိုးပွားလာ

အခြေအနေကို ရှင်းပြသူဆရာဝန်မှာ အသက်(၅၉)နှစ် အရွယ်ရှိ အလီဖြစ်သည်။ မိသားစုများအတွင်း ကင်ဆာရောဂါခံစားရသူ လူနာများ တိုးပွားလာကို တွေ့ရသည်။ ထိုအချိန်အတောအတွင်း သေဆုံးမှုနှုန်းမှာ ၁၉ ဆမျှ တိုးပွားလာသည်ဟု ရှင်းလင်းသွားသည်။

စွန့်ပစ်အဏုမြူဓာတ်ကြွ ယူရေနီယံ သတ္တုကျည်ဆန်များ၏ ဆိုးရွားသော အကျိုးဆက်များကို လူအများသိရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ဂျပန် အရပ်ဘက် အဖွဲ့အစည်းများက စုပေါင်းပြီး အီရတ်ဆရာဝန်များကို ဂျပန်နိုင်ငံသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ဆရာဝန် အလီအပြင် အခြား ဖိတ်ကြားခြင်းခံရသူ ဆရာဝန်တစ်ဦးမှာ ဂျာနန်ဂါလဗ်ဟာဆန်ဖြစ်သည်။

ထိုဆရာဝန်နှစ်ဦးသည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလ အတွင်းက အမေရိကန်တို့က ကြဲချခဲ့သည့်အဏုမြူဗုံးဒဏ်သင့်ခံရသော နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့များသို့လည်း သွားရောက်ဟောပြောကြဦးမည်ဟု သိရသည်။

၁၉၉၀ ပြည့်နှစ်အတွင်းက အီရတ်နိုင်ငံတွင် ကိုယ်အင်္ဂါမစုံဘဲ မွေးဖွားလာသူ ၃၇ ဦးသာရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် အင်္ဂါမစုံဘဲမွေးဖွားလာသူ ၆၁၁ ဦးထိ တိုးပွားလာခဲ့ကြောင်း ဆရာဝန်ဟာဆန်က ပြောကြားသည်။

မကြာမီက အီရတ်နိုင်ငံအပေါ် အမေရိကန်ဦးဆောင်၍ ဆင်နွှဲခဲ့သောစစ်ပွဲကြောင့် ဘဂ္ဂဒက်မြို့နှင့် အခြားဒေသများ၌ပါ ကင်ဆာရောဂါ ဝေဒနာသည်များ တိုးပွားလာမည်ကို စိုးရိမ်ရကြောင်း ဆရာဝန်အလီက ထည့်သွင်းပြောကြားသွားသည်။

စွန့်ပစ်အဏုမြူဓာတ်ကြွ ယူရေနီယံဆိုသည်မှာ သဘာဝယူရေနီယံကို သန့်စင်ထုတ်ယူပြီးသောအခါ ကြွင်းကျန်ရစ်သော စွန့်ပစ်သတ္တုပစ္စည်းဖြစ်သည်။ ထိုစွန့်ပစ် အဏုမြူဓာတ်ကြွ ယူရေနီယံသတ္တုကို အမေရိကန်များသည် အမြောက်ကျည်ဆန်များ၊ ဗုံးများအဖြစ် ထုတ်လုပ်အသုံးပြုခဲ့ကြသည်။ ထိုလက်နက်ကို တင့်ကားများနှင့် သံချပ်ကာယာဉ်များသည် ချေမှုန်းရာ၌ အသုံးပြုသည်။ ထိုကျည်သည်ပစ်မှတ်ကို ထိပြီးသောအခါ သေးငယ်သော အမှုန့်များအဖြစ် ပျံ့လွင့်သွားသည်ဟု မှတ်ယူထားသည်။ ထိုအမှုန့်များကို ရှူရှိုက်မိသောအခါဖြစ်စေ၊ စားသုံးမိသောအခါဖြစ်စေ လူများကို အဆိပ်အတောက်ဖြစ်စေသည်ဟု ဆိုသည်။

အမေရိကန်တို့က အထက်ဖော်ပြပါ ကင်ဆာဖြစ်မှု၊ အဆိပ်အတောက်ဖြစ်မှုနှင့် အင်္ဂါချို့တဲ့သော ကလေးမွေးမှုများမဖြစ်ပါဟု ငြိုဟ်တုဝက်သ်ဆိုက်မှ ငြင်းဆိုထားသည်။

သို့သော် အီရတ်နိုင်ငံတွင် သွားရောက် လေ့လာခဲ့သော ဂျပန်ကေအီရိုတက္ကသိုလ်မှ လက်ထောက် ပါမောက္ခ ရိုကိုဖုဂျိက ယူရေနီယံကျည်ဆန်များကြောင့် အနာဂတ်တွင် ပြဿနာများ ပိုမို ပေါ်ပေါက်လာစရာရှိသည်ဟု မှတ်ချက်ချခဲ့သည်။ ဂျပန်အနေဖြင့် အီရတ်သို့ ဆရာဝန်များ စေလွှတ်မည့်အစား အီရတ်တွင်ကင်ဆာကု ကလေးဆေးရုံ ဆောက်လုပ်ပေးသင့်ကြောင်း အကြံပြုထားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဩဂုတ် ၁၈ ရက်က တရုတ်ပြည် ဘေးဂျင်းမြို့တွင် ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ဆုရရှိသူ လှပျိုဖြူများအား တွေ့ရစဉ်။

(ယင်းပြိုင်ပွဲသို့ ထောင်နှင့်ချီသည့် လှပျိုဖြူများ ပါဝင်ယှဉ်ပြိုင်ကြသည်။) *(ဓာတ်ပုံ-ဆင်ဟွာ)*

ကောက်စိုက်ပြိုင်ပွဲ ကံစိုက်ပြိုင်ပွဲ

ရတနာစည်ဆရာတော် (လှိုင်လင်)

(က)

စပါးသီးနှံသည် တိုင်းရင်းသားပြည်သူများ၏ နေ့စဉ်စားသုံးသည့် အဓိကသီးနှံဖြစ်သဖြင့် ဆန်စပါးဖူလုံစွာ စားသုံးနိုင်ရေးအတွက် တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၅-၈-၉၂။

(ခ)

၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလ၌ မြန်မာနိုင်ငံ လူဦးရေသည် ၁၀ သန်း၊ စပါးစိုက်ဧကသည် ၁၂ သန်းခွဲရှိခဲ့ပြီး ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလများတွင်မူ လူဦးရေက သန်း ၂၀၊ စပါးစိုက်ဧက ၁၁ သန်းမျှသာရှိတော့ကြောင်း လေ့လာသိရှိရ၏။ စားသုံးသူဘက်က တိုးလာပြီး စိုက်ဧကဘက်က လျော့ကျသွားလေ၏။

ထိုမှ အစိုးရအဆက်ဆက် စိုက်ပျိုးမြေဧကတိုးချဲ့နိုင်ရေး ကြိုးပမ်းခဲ့ကြရာ ၁၉၈၈ ခုနှစ်တွင် အသားတင်စိုက်ပျိုးမြေဧက ၁၉ သန်းခွဲခန့်ရှိလာကြောင်း တွေ့ရှိရ၏။ ထိုမှ ယနေ့တပ်မတော်အစိုးရတာဝန်ယူပြီးနောက် လူဦးရေ၅၂သန်း ကျော်လာချိန်၌ အသားတင်စိုက်ပျိုးမြေဧကလည်း ၂၂ သန်းကျော်ရှိလာကာ ၂၀၀၀ ပြည့်နှစ်မှာမူ ဆန်စပါးထုတ်လုပ်မှုဖြစ်စဉ်၌ အမြင့်မားဆုံး ထုတ်လုပ်နိုင်သည့် အခြေအနေအဖြစ် စပါးတင်းသန်းပေါင်း ၉၇၀ ခန့်ထုတ်လုပ်လာနိုင်ကြောင်း တွေ့ရှိရပြီး ထိုမှ တစ်နှစ်ထက်တစ်နှစ် ပို၍တိုးတက်လာနေကြောင်း တွေ့မြင်နေရ၏။

"မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံသည့်ပြင် အချို့စားနပ်ရိက္ခာများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အခြေအနေတွေ့ရှိရကြောင်း၊ လယ်ယာကဏ္ဍ အခြေခံအဆောက်အအုံများကို တိုးတက်အောင် တည်ဆောက်နိုင်သည့်အတွက် ရေသယံဇာတနှင့် မြေသယံဇာတ အသုံးချမှု သိသိသာသာ တိုးတက်နေကြောင်း"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၉-၁၁-၂၀၀၀။

(ဂ)

ဗုဒ္ဓဘာသာဝင် ဒကာတစ်ဦးအိမ်ရှိ ထမင်းတစ်အိုးထဲမှ တစ်ဇွန်း၊ တစ်ယောက်မမျှ ဆွမ်းခံလျက် ဆက်လက်ပြီး သဒ္ဓါအလျောက် လောင်းလှူကြသူများ၏ တစ်ဇွန်း၊ တစ်ယောက်မ ဆွမ်းများကို သင့်လျော်ရုံခံယူကာ ဘုဉ်းပေးသုံးဆောင်ကြရသော ရဟန်းသာမဏေများစွာတို့တွင် ဆွမ်းမရ၍ ရေဆွမ်းဘုဉ်းပေးနေရပါသည်ဆိုသော ရဟန်းသာမဏေ တစ်ပါးမျှ ရှိမနေခြင်းက ယနေ့ မြန်မာနိုင်ငံ၏ ယနေ့ဆန်စပါးအခြေအနေကို ပြောပြနေပြီးဖြစ်၏။ တစ်ပါးခံယူလာသော သပိတ်ထဲမှဆွမ်းကို သုံးပါးဝိုင်းစား၍ မကုန်အောင်ပင် ပေါများပြည့်စုံနေပါသေးသည်။

ထို့ပြင် သာသနာနှစ်အဆက်ဆက် နွမ်းနွမ်းပါးပါးဖြင့် သာသနာအကျိုးဆောင်ရွက်ခဲ့ကြရသည့် သီလရှင်များပင်လျှင် ယနေ့အခါသမယဝယ် ဆွမ်းဆန်တော် ပေါပေါများများဖြင့် သာသနာအကျိုး တက်တက်ကြွကြွ ဆောင်ရွက်နိုင်ကြသည်အထိ ဆွမ်းဆန်အခြေအနေ တိုးတက်ကောင်းမွန်နေပါ၏။

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်တောင်ပိုင်း၌လည်း စိုက်ဧကများ တိုးတက်၊ ဆန်စပါးများ တိုးတက်၊ ဆွမ်းဆန်တော်များ တိုးတက်လျက် ဆန်ရေစပါး ပေါများကြွယ်ဝသော အခြေအနေရောက်ရှိနေပါသည်။

ဤဒေသတစ်လွှား၌ ယခင်အချိန်များတုန်းက မငြိမ်းမချမ်း ပန်းရနံ့သုဉ်း၊ ယမ်းနံ့ဖုံး၊ လူလုံးမလှ အပူလုံးကြွ ယူကျုံးမရ ဇာတ်လမ်းတွေကြောင့် စိုက်ရေးပျိုးရေး၊ ရောင်းရေးဝယ်ရေး၊ သွားရေးလာရေး အရေးရေးတို့၌ နေးကွေးသော ပက်ကျိသွားနည်းဖြင့်သာ သွားခဲ့ကြရာမှ ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီး ဤမှာဘက် ကာလများတွင်သော် ယမ်းနံ့ပြယ်စေ၍ ပန်းနံ့ကြွယ်စေအောင် စွမ်းဆောင်ပေးနိုင်ပြီးဖြစ်ရကား ဒေသသားတို့အဖို့ အဟုန်ပြင်းသည့် ဂျွန်မင်းသွားနည်းမျိုး သွားနိုင်နေလေပြီ။

လှိုင်လင်ခရိုင် ပင်လုံဒေသ၌ လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ နည်းပညာကောလိပ်၊ အစိုးရ ကွန်ပျူတာကောလိပ်နှင့် ပင်လုံတက္ကသိုလ်ကြီး ထီးထီးမားမား ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ပေါ်ထွန်းဖြစ်တည်လာသည်အထိလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ဘယ်အပိုင်းကိုသွားသွား တံတားတွေ၊ လမ်းတွေ လက်ယှက်ထိုးနေသည်အထိလည်းကောင်း၊ ကျန်းမာရေးအတွက် ခုတင်-၂၀၀ အဆင့်မြင့်အထူးကုဆေးရုံကြီး၊ ဆက်သွယ်ပြောဆိုရေးအတွက် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း စသည် တိုးတက်ဖြစ်ထွန်းလာသည်အထိလည်းကောင်း ဘက်စုံထောင့်စုံ ကောင်းကျိုးခြံ အဟုန်မြင့်တည်ဆောက်ပေးထားနိုင်လေပြီ။ ထို့အတူ ပြည့်ဝမ်းဗိုက် ဆန်ရေစပါး ပေါများလျှံဖြိုးနေစေဖို့ ရေမြေသဘာဝကို လူလုံ့လဖြင့် ထုဆစ်စိုက်ကွက်သစ်များစွာ ဖော်ထုတ်ပေးထားနိုင်လေပြီ။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးဟူသည့် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက် ပြက်ပြက်ထင်ထင် ပီပြင်စွာအောင်မြင်နိုင်ရန် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်နှင့် လှိုင်လင်ခရိုင်အတွင်း မြို့နယ်များအနှံ့ကွင်းဆင်းကာ စဉ်ဆက်မပြတ် ဦးဆောင်ကြိုးပမ်းလျက်ရှိရာ ယခင်ကာလများတစ်လျှောက် နားဖြင့်ပင်မကြားဖူးသော ဧက ၁၀၀ စိုက်ကွင်းကြီးများ ဖော်ထုတ်မှု၊ ကုန်မြင့်လယ်ယာမြေစနစ်ဖော်ဆောင်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပေပြီ။

တစ်ဖန် ယခု လှိုင်လင်ခရိုင်အဆင့် ကောက်စိုက်ပြိုင်ပွဲကြီးကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် ဦးဆောင်ကျင်းပပေးပြန်လေ၏။ ပထမကျေးရွာ၊ ရပ်ကွက်အဆင့် ပြိုင်ကြ၏။ ပြိုင်ပွဲဖြစ်သောကြောင့် အမှတ်ပေးစနစ်က ရှေ့တက်လာပြီး ယင်းနှင့်အတူ ကောက်စိုက်နည်းစနစ် ကောက်စိုက်စွမ်းရည်၊ ကျွမ်းကျင်မှု၊ တိကျမှု၊ တက်ကြွမှုတို့ပါပါလာလေ၏။ အလေ့အထဖြစ်လာအောင် အလေ့အကျင့်ပြုပေးခြင်းဖြစ်၏။ ကျေးရွာ၊ ရပ်ကွက်အဆင့်၌ အဆင့်မီသူများ မြို့နယ်အဆင့်သို့ တက်လာကာ ယခု ခရိုင်အဆင့် ပြိုင်ပွဲကြီးကျင်းပနိုင်လေပြီ။

၃-၈-၂၀၀၃ရက်စွဲ ပင်လုံတက္ကသိုလ်ကြီးရှေ့ရှိ ကွင်းအမှတ်(၄၄) လယ်ကွက်များ၏အဦး၌ လှိုင်လင်ခရိုင် ၁၂မြို့နယ်အတွက် အကွက်ပေါင်း ၁၂ကွက်ကို တမန်းညက်ညက်ထွန်လျက် စနစ်တကျ ပြင်ဆင်ထား၏။ အားပေးကြည့်ရှုကြမည့် ပရိသတ်များအတွက် နေရာထိုင်ခင်းများ၊ ယာယီမဏ္ဍပ်များ အသင့်ပြင်ဆင်ထားကြ၏။

၁၂မြို့နယ်မှ ရောက်ရှိလာကြမည့် လယ်ယာဦးကြီးများ၊ လယ်ယာလုံမေများ၊ ပရိသတ်များ ဗဟုသုတရစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ပြခန်းကို ခမ်းခမ်းနားနား ဖွင့်လှစ်ထား၏။ ပြခန်းအတွင်း၌ စိုက်ပျိုးရေးနှင့် ပတ်သက်သော ရေ၊ မြေ၊ မြေဩဇာ၊ မျိုးနမူနာများ စုံစုံလင်လင်ပြသထား၏။ လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ်ထုတ်ဝေသော ခေတ်သစ်ပင်လုံစာစောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထုတ်ဝေသော အီးအမ်ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်း စာစောင်၊ သီးနှံအထွက်တိုးရေး ပညာပေးစာစောင်များနှင့် စာအုပ်စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ လယ်ယာသုံး ထွန်စက်များ စသည် စုံစုံလင်လင်ပြသထား၏။ တစ်ခဏအတွင်း ဗဟုသုတများစွာ ရရှိစေလေ၏။

လှိုင်လင်ခရိုင် ၁၂မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားပေးတက်ရောက်ကြသူများ၊ ကြည့်ရှုလေ့လာကြသူများ၊ ပြိုင်ပွဲတာဝန်ခံများ၊ ပြိုင်ပွဲဝင် လုံမေများ စသည်ဖြင့် ပင်လုံတက္ကသိုလ်ကြီးရှေ့ဝယ် ပရိသတ်များ စည်ကားနေသကဲ့သို့ လယ်ယာ၏ မိတ်ဆွေကောင်းဖြစ်သည့် မိုးတိမ်လွှာများကလည်း ကောက်စိုက်ပြိုင်ပွဲကို အားပေးနေသည့်အသွင် ကောင်းကင်တစ်ပြင်လုံး လွှမ်းဖုံးထားလေ၏။

နံနက် ၈ နာရီတွင် အခမ်းအနားစတင်ရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်က အမှာစကားပြောကြား၏။ "တက်ရောက်အားပေးကြသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်း ခညောင်းကြပါစေ"ဟူသော ခွန်းဆက်မေတ္တာနှင့်အတူ အဇ္ဈောပြင်မိုးကောင်းကင်ရှိ ငွေစင်တိမ်လွှာများမှ မိုးပွင့်လေးများ တဖွဲဖွဲသက်ဆင်းလာလေ၏။

တိုင်းမှူးက ဆက်လက်မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံဖို့ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများ ပူးပေါင်းကြိုးပမ်းလျက်ရှိရာ ယခင်နှစ်က လှိုင်လင်ခရိုင်၌ စပါးစိုက်ဧက ၁၅၅၄၁၁ စိုက်ပျိုးခဲ့ပြီး ယခုနှစ် စပါးစိုက်ဧက ၂၁၀၀၀၀ စိုက်ပျိုးနိုင်ရန် အကောင်အထည်ဖော်လျက်ရှိကြောင်း ထည့်သွင်းပြောကြား၏။ ထို့ပြင် "တိုး(၁၀)တိုး"၊ "ရဲ(၈)ရဲ"၊ "မှန်(၁၀)မှန်" ခေါင်းစဉ်ငယ်များဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အင်္ဂါရပ်များကို စိတ်ဝင်စားဖွယ် ဖွင့်ဆိုပြလေ၏။

တိုး(၁၀)တိုး

မနေ့ကထက် ယနေ့သည် အသက်တစ်ရက်တိုးလာပြီဖြစ်၏။ တစ်ရက်တိုးလာသလို ကုသိုလ်၊ ပညာ၊ ဥစ္စာသုံးမျိုးအနက် တစ်မျိုးမျိုးတိုးမှသာ ထိုရက်အတွက် လူဖြစ်ကျိုးနပ်ကြောင်း ဆရာစဉ်ဆက် ဩဝါဒပေးခဲ့ကြ၏။ ထိုတွင် ဥစ္စာတိုးကြောင်း စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့် လယ်ယာကဏ္ဍတိုးနေအောင် ဤတိုး(၁၀)တိုးဖြင့် မြှင့်နေကြရမည်။

၁။ အထွက်နှုန်းတိုး
၂။ စိုက်ဧကတိုး
၃။ သီးထပ် သီးညှပ်တိုး
၄။ စိုက်နည်းမှန်တိုး (တစ်ဧကကောက်ပင် တစ်သိန်းခုနစ်သောင်း)
၅။ အထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးမှုတိုး
၆။ အလေ့အလွင့်နည်းပါးမှုတိုး
၇။ စက်ယန္တရားသုံးမှုတိုး
၈။ စိုက်ပျိုးရေရရှိမှုတိုး
၉။ သဘာဝမြေဩဇာသုံးစွဲမှုတိုး
၁၀။ ဝန်ထမ်းရောပြည်သူပါ အသိပညာနှင့် လုပ်ဆောင်ချက်တိုး

ရဲ(၈)ရဲ

ရဲရဲရင့်ရင့် လုပ်ဆောင်ရမည့်အရာ၌ တွန့်တွန့်ဆုတ်ဆုတ် လုပ်ဆောင်နေလျှင် အနုတ်လက္ခဏာပြမည်။ ပြုပြင်သင့်က ရဲရဲရင့်ရင့် ပြုပြင်ရမည်။ ကျပ် ၁၀၀ ကို ဆုပ်ကိုင်နိုင်ပါလျက် မဆုပ်ကိုင်ဘဲ ဆုပ်ကိုင်မြဲတစ်ကျပ်ကိုသာ ဆုပ်ကိုင်နေပါမည်ဟုဆိုလျှင် ယင်းသည် ခေတ်မမီခြင်းမည်၏။ ဆုတ်ယုတ်ခြင်းမည်၏။ တွန့်ဆုတ်ခြင်းမည်၏။ မိမိဘဝ တိုးတက်မှုအတွက်ရော နိုင်ငံဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ ဤရဲ(၈)ရဲကို ကျင့်သုံးနေအပ်၏။

၁။ စိုက်ပျိုးမြေသစ်ဖော်ထုတ်ရဲ
၂။ အထွက်ကောင်းမျိုး ပြောင်းလဲသုံးရဲ
၃။ စိုက်ပျိုးရေးနည်းသစ်သုံးရဲ
၄။ သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲရဲ
၅။ စက်ယန္တရားသုံးရဲ
၆။ သီးထပ်သီးညှပ်စိုက်ရဲ
၇။ ယုံကြည်စွာ လုပ်ကိုင်ရဲ
၈။ စိုက်ပျိုးရေးဝန်ထမ်းများ စူးစမ်းလုပ်ဆောင်မှုနှင့် တာဝန်ခံမှုရဲ

မှန်(၁၀)မှန်

မချွတ်လွဲခြင်း၊ မလွဲချော်ခြင်း၊ ဖြောင့်မတ်စွာ အရှိန်နှင့် ထိမှန်ခြင်းတို့ကြောင့် ရည်မှန်းချက်ပေါက်ရောက်ခြင်းကို မှန်ဟု ဆို၏။ မြားတစ်စင်းသည် ပစ်မှတ်ကို မချွတ်လွဲဘဲ၊ မလွဲချော်ဘဲ၊ ဖြောင့်မတ်စွာ အရှိန်နှင့်ထိလျှင် ပစ်သူရည်မှန်းချက် ပေါက်ရောက်အောင်မြင်၏။ တစ်ဧက တင်း ၁၀၀ ထွက်ရေး ရည်မှန်းချက် ပေါက်ရောက်အောင်မြင်ဖို့ ၁၀ ချက်မှန်ရမည်။

၁။ မြေအရွေးမှန်
၂။ မျိုးအရွေးမှန်
၃။ စိုက်နည်းမှန်
၄။ ရေသွင်းရေထုတ်မှန်
၅။ သွင်းအားစုမှန်
၆။ ပြုစုစောင့်ရှောက်နည်းမှန်
၇။ စက်ယန္တရားသုံးမှုမှန်
၈။ လူရွေးမှန်
၉။ စိတ်ဓာတ်နှင့် ကြိုးစားမှုမှန်
၁၀။ ပိုးသတ်ဆေးသုံးစွဲမှုမှန်

ဤလမ်းညွှန်မှာကြားချက်များကို လယ်ယာဦးကြီးများ၊ လယ်ယာ လုံမေများ၊ ဆက်စပ်ဌာန ဝန်ထမ်းများအားလုံး တက်ညီလက်ညီ စုပေါင်းအကောင်အထည်ဖော်နိုင်လျှင် ပန်းတိုင်အထွက်နှုန်းသို့ မုချပေါက်ရောက်၍ မလွဲအောင်မြင်မည်သာဖြစ်၏။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဆက်လက်ပြောကြားရာတွင် လယ်ယာသုံး စက်ယန္တရားများ၏ စွမ်းရည်ကို တက်ရောက်လာသူများ သိရှိနိုင်ဖို့ လူ၊ ကျွဲ၊ နွားတို့ဖြင့် ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းနှင့် စက်ယန္တရားဖြင့် ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းတို့ကို နှိုင်းယှဉ်ကာ ဤသို့ ရလဒ်ထုတ်ပြ၏။

တစ်ဧက ထွန်ယက်ခြင်း

ကျွဲ၊ နွား လေးရှဉ်း၊ နာရီ၂၀၊ ကုန်ကျစရိတ်ကျပ် ၄၈၀၀
လက်တွန်းထွန်စက် တစ်စီး၊ ငါးနာရီ၊ ကုန်ကျစရိတ်ကျပ် ၃၂၀၀

တစ်ဧက ရိတ်သိမ်းခြင်း

လူ ၁၂ဦး၊ ၁၂နာရီ၊ ကုန်ကျစရိတ်ကျပ် ၉၆၀၀
ရိတ်သိမ်းစက် တစ်စီး၊ သုံးနာရီ၊ ကျပ် ၂၅၀၀

တစ်ဧကခြွေလှေ့ခြင်း

လူဦး၂၀၊ ၁၂နာရီ၊ ကုန်ကျစရိတ်ကျပ် ၁၆၀၀၀
ခြွေလှေ့စက် တစ်စီး၊ လေးနာရီ၊ ကျပ် ၄၀၀၀

တိုင်းမှူးက နိဂုံးချုပ်အားဖြင့် "အောင်မြင်မှုရရှိရေး လက်တွဲပူးပေါင်းဆောင်ရွက်ပေး"ဟူ၍ ဆောင်ပုဒ်ချမှတ်ပေးလေ၏။ မှန်ပါသည်။ အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက် အောင်မြင်ရေးအတွက် တာဝန်ရှိသူများရော လယ်ယာဦးကြီးများပါ ပူးပေါင်းဆောင်ရွက်ကြရပါမည်။ တာဝန်ရှိသူများဘက်က စည်းရုံးမှု၊ လက်တွေ့ပြသမှု၊ စိတ်ပါလာအောင် ခေါ်ဆောင်မှုတို့ဖြင့် ပူးပေါင်းရမည်ဖြစ်သကဲ့သို့ လယ်ယာဦးကြီးတို့ဘက်ကလည်း မိမိတို့အကျိုးအတွက်ဟု မှန်မှန်ကန်ကန်သိရှိဖို့၊ "ဘိုးဘွားတွေလက်ထက်ကတည်းက ဒီလိုပဲ စိုက်ပျိုးလာကြတာ" ဟူသော အစွဲဟောင်းတွေ ဆုပ်ကိုင်မထားဖို့၊ "ဒီလိုပဲ စိုက်ပျိုးလာကြတာမှန်ပေမယ့် လူဦးရေက မိမိအိမ်ထဲမှာပင် တိုးတိုးလာနေတော့ တိုးအောင်စိုက်ဖို့ လိုအပ်တာအမှန်ပဲ"ဟူ၍ မှန်သောအမြင်ရှိဖို့၊ လက်မှုလယ်ယာ၌ စက်မှုအကူရယူလျှင် အချိန်ရောငွေပါ အကုန် အကျသက်သာသဖြင့် ပိုလာသောအချိန်နှင့် ငွေကို အခြားတစ်ခု၌ (အထူးသဖြင့် အသိနှင့် အတတ်ပညာရပ်များ၌) သုံးစွဲနိုင်ကြောင်း အမြင်ရှိဖို့ လိုအပ်သည့်အတိုင်း ယင်းလိုကွက်များ ပြည့်လာအောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မလွဲမသွေ ပူးပေါင်းနေရမည်ဖြစ်၏။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ အမှာစကား ပြီးဆုံးသွားသောအခါ အစီအစဉ်အတိုင်း မြို့နယ် ၁၂ မြို့နယ်မှ ကောက်စိုက်လုံမေများက ကောက်ကွက် ၁၂ကွက်၌ ကောက်စိုက်ပြိုင်ကြချိန်တွင်သော်မူ ပျိုးပင်၏ မိတ်ဆွေမိုးက ခပ်သည်းသည်း သွန်းဖြိုးပေးခြင်းဖြင့် ကောက်စိုက်ပြိုင်ပွဲကို အားပေးလေ၏။ မိုးသည်းသည်းမှာ ရွှေ့ရွှဲရွှဲစိုလောက်သည်အထိ ကောက်စိုက်လုံမေများ အင်ပြည့်အားပြည့် အပြိုင်စိုက်နေချိန်ဝယ် မိုးသံနှင့်လက်ခုပ်သံ ညံညံချွန်းနေလေတော့၏။ ပြိုင်ပွဲ ပြီး၍ စည်းကမ်းသတ်မှတ်ချက်အတိုင်း အမှတ်ပေးအဖွဲ့က ကွင်းဆင်းတိုင်းတာနေချိန်နှင့် တစ်ဆက်တည်း လယ်ယာ(၁၆) လက်တွန်းထွန်စက်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ စက်သံ၊ မိုးသံ၊ လက်ခုပ်သံ ညံညံဟိန်းနေလေ၏။ ပြိုင်ပွဲများပြီးဆုံး၍ အမှတ်စဉ်ထွက်လာသောအခါ လှိုင်လင်၊ ပင်လုံ၊ ကျေးသီးသုံးမြို့နယ်က ပ၊ ဒု၊ တ ချိတ်လေ၏။ ဆုမချိတ်သော အခြားမြို့နယ်များကိုပါ ဂုဏ်ပြုဆုချီးမြှင့်လေ၏။

ကောက်စိုက်ပြိုင်ပွဲ အောင်မြင်လေပြီ။ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗျူဟာမှူး ဗိုလ်မှူးကြီးလွင်ဦးနှင့် လှိုင်လင်တပ်နယ် တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အခြားသော ဆောင်ရွက်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်ရန် ဤနေရာမှ ထွက်ခွာကြပါတော့မည်။ ပရိသတ်အားလုံးလည်း အိမ်ပြန်ကြပါတော့မည်။

သည်အခိုက်မှာပင် သည်းနေသောမိုးက ဖွန်းခနဲ ရပ်စဲသွားလေ၏။ ပရိသတ်အားလုံး တအံ့တဩဖြင့် ဝမ်းသာသွားကြပြီ။ ပြိုင်ပွဲစသည်နှင့် မိုးရွာပြီး ပြိုင်ပွဲပြီးသည်နှင့် မိုးတိတ်ခြင်းသည် နိမိတ်ကောင်းမဟုတ်လေလော။ လိုအပ်လျှင် လိုအပ်သလိုရွာ၍ မလိုအပ်လျှင် မလိုအပ်သလို တိတ်နေမည်ဟူသော မိုးနိမိတ်ကောင်း မဟုတ်လေလော။ **စာမျက်နှာ(၇) ကော်လံ(၁)သို့** ☆

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျရခြင်း

တင်သန်းဦး

ကရင်ပြည်နယ်ဘက် တာဝန်ကျစဉ်က ဖြစ်၏။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော ရွာပေါင်းများစွာကိုတွေ့ခဲ့ရ၏။ လွန်ခဲ့သော အနှစ် ၂၀ ကျော်က သံတောင်မြို့နယ် မြောက်ခြမ်းတွင် တာဝန်ကျခဲ့လေရာ ယာဒိုဟူသော ရွာကလေးသည် ပထဝီသဘောအရ အလွန်ထူးခြားသည်ကို တွေ့ရ၏။ ယာဒိုသည် အရှေ့ရိုးမ တောင်တန်းကြီး၏ အလယ်တွင် ထူးထူးခြားခြား မြေပြန့်လွင်ပြင် ဖြစ်နေပြီး တောင်ငူ၊လွိုင်ကော်ကားလမ်းမကြီး၏တစ်ဝက်ခန့်တွင်ရှိ၏။

ယာဒိုသည် ကရင်ပြည်နယ် သံတောင်မြို့နယ်၏ မြောက်ဘက်အစွန်ဆုံးတွင် ပါဝင်လေရာ ကားလမ်းအတိုင်း နှစ်မိုင်ခန့်သွားလိုက်သည်နှင့် ဆီဘူး၊ ဆူးကြောင်း၊ ဖယ်ခုံ ဟူသော နယ်နားကို ရောက်မည်။ ရှမ်းပြည်နယ်ဖြစ်၏။ အရှေ့ဘက်သို့ နေ့ဝက်ခရီးပင် မသွားရပါ။ ကယားပြည်နယ် ဇော်ဦးဘက်သွားရာ လမ်းရှိသည်။ အနောက်မြောက်ဘက်သို့ သွားပါကလည်း နေ့တစ်ဝက်ပင် မသွားရ။ မန္တလေးတိုင်းထဲ ရောက်မည်။ အနောက်စူးစူးသို့ သွားပါက တစ်နေကုန် ပါသွားပါက ရေနီနယ်ဘက် မြေပြန့်ထဲ ရောက်သွားပြီး ပဲခူးတိုင်းထဲ ရောက်မည်။

ယာဒိုသည် လယ်ကွင်းများအလယ်မှ သောက်ရေခပ် ချောင်းလေး ဖြတ်သန်းစီးဆင်းသွားပြီး တောင်ပတ်လည် ဝိုင်းနေသဖြင့် လွန်စွာ သာယာလှပသည်။ ချယ်ရီပင်တွေ ရှိသည်။ ကော်ဖီစိုက်ခင်းတွေ ရှိသည်။ ငှက်ဖျားဆေး ဖော်နိုင်သည့် ဆင်ကိုးနားပင်တွေ ရှိသည်။ ကျွန်တော် တပ်စခန်းမှူးအဖြစ် တာဝန်ယူနေစဉ် သုတေသနအဖွဲ့ တစ်ဖွဲ့ရောက်လာပြီး အပင်အမျိုးအစား ၁၀၀ ခန့်ကို စိုက်ပျိုးကြည့်ရာ ၉၀ ကျော်ခန့် အောင်မြင်ကြောင်း တွေ့ရသည်။ သတ္တုထွက်သည့်နေရာတွေကလည်း ပတ်လည်ဝိုင်းနေသည်။

နေသောလူမျိုးကလည်း ပြည်နယ်သုံးခု၊ တိုင်း နှစ်တိုင်းဆုံသော ငါးပွင့်ဆိုင်နယ်နိမိတ် ပဋ္ဌာန်းဒေသဖြစ်သဖြင့် စုံလင်လှသည်။ ထို့အတူ လက်နက်ကိုင် အဖွဲ့မျိုးစုံကလည်း စုံလင်လှသည်။ ဗမာပြည်ကွန်မြူနစ်ပါတီဘက် ယိမ်းသူ ချင်းလည်း လူမျိုးချင်းမတူလျှင် မတည့်၊ လူမျိုးချင်း တူပြန်တော့လည်း အဖြူအနီ ကွဲကြပြန်သည်။

ကျွန်တော်တို့ တာဝန်ကျစဉ် ၁၉၈၀ ပြည့်နှစ်များ အစပိုင်းကာလက တိုက်ပွဲများ ပြင်းထန်ခြင်း မရှိပါ။ ကျွန်တော်တို့နှင့် တိုက်ရခိုက်ရတာလည်း သိပ်မရှိလှပါ။ လက်နက်ကိုင်အဖွဲ့အချင်းချင်း ငြင်းခုံနေကြရတာက များပါသည်။ ကေအင်န်ယူများက အနောက်ဘက်ကို ယိမ်းအောင် ဆွယ်သကဲ့သို့ ကွန်မြူနစ်များကလည်း အနီရောင်လွှမ်းအောင် ကြိုးစားကြသည်။ ကျွန်တော်တို့ ကျတော့ သူတို့ကိုပြတ်အောင် တိုက်လို့လည်းမရ။ အရေးကြီးတာက ကားလမ်းမကြီးလုံခြုံရေး။ မဟာဓာတ်အားလိုင်းကြီးများ လုံခြုံရေး။

ယာဒိုသည် စီးပွားရေးကောင်းမွန် ဖြစ်ထွန်းနိုင်သော ဒေသဖြစ်သည်။ သို့သော် တိုးတက်ဖြစ်ထွန်းမှုက မရှိ။ သံတောင်မြို့နယ်အနံ့ရောက်သည်။ ကွမ်းသီးခြံတွေပေါလှသည်။ ကွမ်းယာဆိုင်များအတွက် ဖာလာစေ့မှာ အိန္ဒိယက ဝင်၊ မဝင်တော့ မသိ။ ထိုနယ်က အလုံးအရင်းနှင့်ပို့နေရခြင်း၊ တညင်းသီး၊ ကမ္ဗလာသီး၊ ရှောက်၊သံပရာစသည့် အသီးအနှံများကလည်း ပေါလိုက်ပါဘိ။ ကျွန်းသစ်တွေ ပေါသည်။ ရေနီစက္ကူစက်အတွက်ရော၊ ရုံဖန်ရုံခါ စစ်တောင်း စက္ကူစက်အတွက်ပါ ထိုနယ်က ဝါးတွေသွင်းရသည်။ ရေနီကို ကားနှင့်သယ်သည်။ စစ်တောင်းကို စစ်တောင်းမြစ်အတိုင်း ဝါးဖောင်ဖြင့် မျှောချရ၏။

သံတောင်မြို့နယ် မြောက်ခြမ်း လိပ်သို၊ ယာဒိုဒေသတွင် ကျေးရွာပေါင်းများစွာရှိရာ ရွာများတွင် အိမ်ကြီးအိမ်ကောင်း တစ်အိမ်နှစ်အိမ်သာရှိ၏။ များသောအားဖြင့် ဝါးကြမ်းခင်း၊ ဝါးသဲ့ပြားကာ၊ ဝါးခြမ်း မှောက်၍ လှန်၍ မိုးသောအိမ်များ သာဖြစ်၏။ ရွာတွေကိုရောက်လို့ ဘာလိုသလဲမေးလျှင် ကားလမ်းဖောက်ပေးပါဟု ဖြေကြ၏။ ယာဒိုမြေပြန့်က လွဲလျှင် ဒေသတစ်ခုလုံးသည် ဒူးရင်းသီးတစ်လုံး၏ အခွံကဲ့သို့ပင် တောင်ထိပ်များ ပြည့်နှက်နေသဖြင့် သွားရလာရ အလွန်ခက်ခဲသော ဒေသပင်တည်း။

တောင်ငူမှ ကတ္တရာလမ်းကလည်း လမ်းမိုင် ၃၀ ကျော်ခန့်သာပေါက်၏။ ကျန်ကျေးရွာများ အားလုံးမှာ ကိုယ့်ခြေထောက် ကိုယ်အားကိုးပြီး လမ်းလျှောက်ကြရ၏။ မည်သို့လျှင် ဖွံ့ဖြိုးတိုးတက်ပါမည်နည်း။ မြေပြန့်လမ်းများမဟုတ်သဖြင့် နွားလှည်းများလည်းမရှိ။ စင်စစ် မြို့ကြီး ပြကြီးနှင့်ဝေးသော ဒေသလည်း မဟုတ်။ အချို့တောင်ထိပ်များမှ လှမ်းကြည့်လျှင် စစ်တောင်းမြစ်ဝှမ်း မြေပြန့်လွင်ပြင်ကြီးကို အထင်းသားမြင်နေရ၏။

ရွာတွေမှာ ကျောင်းတွေရှိ၏။ ဆရာ၊ ဆရာမ လာမနေရဲ။ ဆေးပေးခန်းတွေရှိ၏။ သားဖွားဆရာမပင် ကြာကြာမနေရဲ။ တိုက်ပွဲကြီးကြီးမားမား မဖြစ်သော်လည်း နေ့ပဲဖြစ်တော့ မလိုလို၊ ညပဲဖြစ်တော့ မလိုလိုနှင့် အားလုံး တထိတ်တလန့် လန့်နေကြရသည်။

တစ်ခါသော် အသက်အရွယ်ကြီးရင့်သော အဘိုးကြီး တစ်ဦးနှင့် စကားပြောဖြစ်၏။ သူသည် ကျွန်တော့်အား မကြာခဏ ခေါ်ခေါ်၍ ခေါင်းရည်တိုက်၏။

"ငါတို့နယ်ကတော့ ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်တော့ပါဘူးကွာ၊ ဒီလိုနဲ့ပဲ လုံးပါးပါးတော့မယ်ထင်ပါရဲ့၊ မင်းတို့ကတိုက်လည်း သူတို့က နယ်နိမိတ်ကျော်အောင် ပြေးရင် သူတို့လွတ်သွားမှာပဲ၊ မင်းတို့ပြန်လာတာနဲ့ သူတို့လည်းပြန်ဝင်မှာပဲ၊သူတို့ကလည်း ယာဒိုတောင်မသိမ်းနိုင်ဘူး"

ကျွန်တော် သူ့စကားကို မည်သို့မျှ မတုံ့ပြန်ဖြစ်ပါ။ သူ ဘာကိုဆိုလိုချင်မှန်းမသိသဖြင့် ငြိမ်၍သာ နေခဲ့ဖူးပါ၏။

"ကဲ–ဒီနယ်မှာ အဖွဲ့ငါးဖွဲ့လောက် ဝင်လိုက်၊ ထွက်လိုက် လုပ်နေတယ်။ ဗကပ အလယ်ပိုင်းဗျူရိုဆိုပြီး ဝင်လာတော့လည်း အဖွဲ့ခွဲက နှစ်ဖွဲ့ သုံးဖွဲ့ ထပ်တိုးလာတယ်။ သူတို့အချင်းချင်းကလည်း မတည့်ဘူး၊ သူတို့အားလုံး တည့်သွားလည်း မင်းတို့ကို မနိုင်ပါဘူး"

ဤအဘိုးကြီး ကျွန်တော်တို့ကို မြှောက်နေပြန်ပြီဟု ထင်မိ၏။

"အေး–သူတို့က မင်းတို့ကိုနိုင်အောင် မတိုက်နိုင်ဘူးနော်၊ မင်းတို့ကရော သူတို့ကို နိုင်အောင်တိုက်နိုင်မလား"

ကျွန်တော် ဖြေရခက်သွားတော့၏။ အဘိုးကြီးမှာ အင်္ဂလိပ်ခေတ်က ပုလိပ်ကြီးအဖွဲ့ဝင်ဖြစ်၏။ လွတ်လပ်ရေးရတော့ တပ်ထဲမှာအမှုထမ်းဖူး၏။

"မင်းတို့ တပ်မ ဘယ်နှခုနဲ့ တိုက်မလဲ၊ နိုင်မယ်ထင်သလား"

"ဒါကတော့ အထက်က ပေါ်လစီပဲ အဘ"

"အထက်တွေ အောက်တွေလုပ်မနေပါနဲ့ကွာ၊ မင်းတို့မတော်လို့လည်း မဟုတ်ဘူး၊ သူတို့က တော်လို့လည်း မဟုတ်ဘူး၊ မြစ်ဝကျွန်းပေါ်နဲ့ ပဲခူးရိုးမမှာ စစ်တပ်က ဖြတ်လေးဖြတ်နဲ့ ချခဲ့တာ အောင်မြင်တယ်၊ ထွက်ပေါက်မှ မရှိဘဲ၊ အေး–နယ်နိမိတ်မျဉ်း အစွန်းအစလောက်ပါတဲ့ နယ်မြေဆိုရင်တော့ မလွယ်ဘူးကွ"

သူ့စကားကို ကျွန်တော်ကျိတ်ပြီး ထောက်ခံနေမိသော်လည်း ခေါင်းတော့ မညိတ်ဖြစ်သေးပါ။ အဘိုးကြီး ခေါင်းရည်မူးနေခြင်း ရှိ၊မရှိကိုလည်း ဆန်းစစ်နေမိ၏။

"ဘယ်သူကမှ မနိုင်တာကို မင်းမငြင်းနဲ့၊ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် အပြတ်မရှင်းနိုင်ပါဘူး၊ တကယ်တော့ မင်းတို့က ရန်သူတွေမှ မဟုတ်တာဘဲ၊ တစ်နေရာတည်းမှာ၊ အားလုံးပိုင်တဲ့ မြေပေါ်မှာ အတူတူနေကြသရွေ့ ဘယ်တော့မှ အပြတ်မရှင်းနိုင်ဘူး၊ မင်းတို့ သူတို့ကို အမျိုးပြုတ်အောင် ဖြုတ်မလား"

ကျွန်တော် ခေါင်းခါရ၏။

"ဟာ–ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်တို့ ညီအစ်ကိုတွေပဲ"

"အေးလေ ညီအစ်ကိုတွေပဲ၊တစ်ယောက်နဲ့တစ်ယောက် နိုင်အောင်လဲ မချနိုင်ဘူး၊ ချနိုင်တဲ့ သူကလည်း မချရက်လို့ ညာနေတယ်၊ အဲဒီလို လုပ်နေကြမယ့်အတူတူ မတိုက်ကြပါနဲ့လားကွာ။ "

သူ့စကားကို ကျွန်တော်သဘောပေါက်လေပြီ။

"ဒါပေမယ့် အဘ၊ ကျွန်တော်တို့ကမတိုက်လို့မှမရဘဲ"

"ဟုတ်တယ်လေ၊ မရဘူးလေ၊ မင်းတို့က အစိုးရကိုး၊ အစိုးရဆိုတော့ အစိုးရကို ဆန့်ကျင်ရင် တိုက်ရမှာပဲပေါ့၊ ဒီလိုပဲငါ့တူ၊ သူတို့ကလည်း မင်းတို့ကို မတိုက်လို့မရဘူးကွ"

"ဘာဖြစ်လို့လဲ"

"သေနတ်ကိုင်ထားတဲ့သူဟာ လက်နက်ချဖို့ရာ သိပ်ဝန် လေးတယ်ဆိုတာ မင်းသိမှာပေါ့၊ သိက္ခာကျတယ်၊ ရှက်စရာလို့ ထင်ကြတာကိုး၊ သူတို့ ဘာလိုချင်လဲဆိုတာ သိအောင် လုပ်၊ ဒါမှမဟုတ် ဖွင့်မေး၊ ပေးနိုင်ရင် ပေး၊ မပေးနိုင်ရင်တော့လည်း ဘယ်တတ်နိုင်မလဲ၊ အဲဒီလိုညှိမှ ရမယ်။ ငါတို့မှာ ဒုက္ခ ရောက်လှပါပြီကွာ"

သူတို့ ဒုက္ခရောက်သည်မှာ အမှန်ဖြစ်၏။ ဖြတ်လေးဖြတ် နည်းလမ်းအရ ရွာတွေက တောထဲကို ဆက်ကြေးမပေးနိုင်အောင် ဖြတ်ရ၏။ သို့သော် တကယ်လာတောင်းတော့လည်း ကြောက်သဖြင့် ပေးလိုက်ရသည်ချည်း။ ပေးပြီးတော့လည်း ပေးလိုက်ရပါသည်ဟု မပြောရဲ။ ပြောလျှင် ဥပဒေအရ အရေးယူခံရဦးမည်။ ထို့ကြောင့် ဆက်ကြေးလည်း တကယ်မပြတ်၊ အဆက်အသွယ်လည်း မပြတ်၊ ရိက္ခာကျတော့ နယ်မြေက ထွက်သည့်ဆန်နှင့် လူဦးရေတွက်၍ လိုသမျှ အတိအကျကိုသာ တင်သွင်းခွင့်ပြု၏။ ထိုအခါ မှောင်ခိုတွေပေါ်လာ၏။ ကုန်ဈေးနှုန်းတွေကြီး၏။ ကျွန်တော်တို့လည်း နေရာတိုင်းကို လိုက်မကြည့်နိုင်။ ရန်သူကို သတ်ဖြတ်ပါ ဆိုပြန်တော့လည်း ဆွေမျိုးသားချင်းတွေ ဖြစ်နေလေရာ ဘယ်သတ်ဖြတ်နိုင်ပါမည်နည်း။

ထိုအဘိုးကြီးသည် သူ့အိမ်ရွှေ့ချင်သည်။ ဝိုင်းကူပါဆိုပြီး အကူအညီတောင်းသဖြင့် ကျွန်တော်နှင့် တပ်ခွဲတစ်ခွဲလုံး သွားကူ၏။ ကျွန်တော်တို့ ထင်ထားတာက အိမ်ဟောင်းကိုဖျက်၊ သူကြိုက်ရာနေရာမှာ အိမ်သစ်ပြင်ဆောက်မည်ဟုထင်၏။ ဘယ်ဟုတ်ပါ့မလဲ၊ သူ့အိမ်တိုင်များမှာ ကျောက်ပြားများပေါ်တင်၍ ဆောက်ထားခြင်းဖြစ်လေရာ သူသည် အိမ်ကို အလုံးလိုက်မ၍ ရွှေ့ခိုင်းလေသည်။ ပင်းပန်းလိုက်သည့်ဖြစ်ခြင်း။

ထိုဒေသသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစွာဖြင့်ပင် ကာလကြာမြင့်စွာ နေခဲ့ရ၏။ ထိုအဘိုးကြီးလည်း သူကြိုက်ရာနေရာသို့ အိမ်ရွှေ့ပြီးမကြာခင် ကွယ်လွန်သွား၏။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေး အခွင့်အလမ်းများ ဖြစ်ပေါ်လာသောအခါ ကေအင်န်ယူမှလွဲ၍ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်လာကြသည်။ သံတောင်နယ်ထဲမှ ကေအင်န်ယူများက လမ်းခွဲထွက်၍ ငြိမ်းချမ်းရေး ရယူကြသောအခါ ထိုဒေသတွင် စစ်မက်မရှိတော့။ စည်းလုံးညီညွတ်မှုရသည်နှင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းသည်လည်း ပွင့်သွားရတော့၏။

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျရခြင်း အကြောင်းရင်းကို သိခဲ့ကြပေပြီ။ ပဋိပက္ခများ ရှည်ကြာသည်နှင့်အမျှ ဒုက္ခတွေသာ များခဲ့ရသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ပဋိပက္ခများကို လက်ယပ်ခေါ်နေပါဦးမည်နည်း။ ။

☆ စာမျက်နှာ(၆) ဆောင်းပါးမှ အဆက်

မိုးကပေးအပ်လာသော ကောင်းနိမိတ်ကို ပွေ့ပိုက်ရင်း အောင်မြင်စွာပြီးမြောက်ခဲ့သော ပထမအကြိမ် လွိုင်လင်ခရိုင် ကောက်စိုက်ပြိုင်ပွဲ၏ အကျိုးသက်ရောက်မှုများမှာ ကောက်ကွက်ပြည့်မီအောင် စိုက်တတ်လာခြင်း၊ စိုက်စနစ် ကျွမ်းကျင်ကျေညက်လာခြင်း၊ စိုက်နည်းစနစ်မှန် လက်တွေ့ ကျင့်သုံးတတ်လာခြင်း၊ တရားသဖြင့် ပြိုင်ရင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားလာခြင်းတို့အပြင် အတွဲလိုက်၊ အတန်းလိုက် ခြောက်လက်မ–ခြောက်လက်မ (သို့မဟုတ်) ကိုးလက်မ–လေးလက်မစနစ် အလေ့အထဖြစ်လာကာ စပါးအထွက်နှုန်း တိုးပြီး ဝင်ငွေတိုးလာနိုင်ခြင်းတို့ပင်ဖြစ်၏။ ထို့ကြောင့် ပြိုင်ပွဲဟူသည် စွမ်းအားကို မြှင့်တင်ပေးခြင်းမည်လေ၏။

ယင်းကောက်စိုက်ပြိုင်ပွဲကို အကြောင်းပြုကာ ဘာသာရေးအမြင်ဖြင့် တစ်နည်းတစ်ဖုံ ရှုမြင်ကြည့်လျှင် ကံစိုက်ပြိုင်ပွဲကို တွေ့မြင်ရ၏။ ဗုဒ္ဓဘာသာဝင်တို့၏ဘဝဝယ် နေ့စဉ် စိုက်ပျိုးနေကျဖြစ်သည့် ဒါနကံ၊ သီလကံ၊ ဘာဝနာကံ ပျိုးပင်များရှိနေသလို ထိုပျိုးပင်များကို နေ့စဉ်နေ့တိုင်း စိုက်နေကြ၏။ ကောင်းကံ ကောင်းမျိုး စိုက်နေသောကြောင့် ကောင်းနှံကောင်းသီးထွက်ရှိလာမည်မှာ မုချဧကန်ဖြစ်လေရာ ထွက်လာသည့်အခါ အထွက်တိုးဖို့ ကံစိုက်ပြိုင်ပွဲဖြင့် စွမ်းအားမြှင့်နေကြရပါမည်။

ဒါနကံစိုက်ရာ၌ "မလှူမီ–လှူဆဲ–လှူပြီး"ဟူသော ကာလသုံးပါးလုံး စိတ်ထားတက်ကြွလျက် စေတနာ ထက်သန်နေဖို့ လိုအပ်၏။ ပုဗ္ဗ–မုဉ္စ–ပရဟု ကြားဖူးနားဝ ရှိပြီးဖြစ်ကြ၏။ ထို့အတူ သီလကံ၊ ဘာဝနာကံ စိုက်ရာ၌လည်း ကာလသုံးပါးလုံး စိတ်ထားတက်ကြွလျက် စေတနာဇောသန်နေဖို့ လိုအပ်၏။

ကောက်စိုက်ရာ၌ "မစိုက်မီ–စိုက်ဆဲ–စိုက်ပြီး"ဟူသော ကာလသုံးပါးလုံး စိတ်ထားတက်ကြွနေမှ အထွက်တိုးနိုင်၏။ မစိုက်မီကြိုတင်၍ ထွန်ရေးပြင်ခြင်း၊ တမန်းညက်အောင် စိပ်စိပ်ထယ်ခြင်း၊ မြက်ခေါင်း ကုန်စင်အောင် ကောက်ပစ်ခြင်း၊ မျက်နှာပြင်ညီအောင် ကြမ်းတုံးဖြင့်ညှိခြင်း၊ ကန်သင်းရိုးများ ပြုပြင်ခြင်းတို့သည် ပုဗ္ဗဖြစ်၏။ ကောက်စိုက်ခြင်းသည် မုဉ္စဖြစ်၏။ စိုက်ပြီးနောက် ၂၅ ရက်သားခန့်တွင် တစ်ကြိမ်၊ ၃၅ ရက်သားခန့်တွင်တစ်ကြိမ် ပေါင်းလိုက်တမန်းနှိုးခြင်း၊ ပေါင်းနှိမ်ခြင်း၊ ကောက်ပင်သေနှင့် ကောက်ပင်ပျောက်များ အစားထိုးစိုက်ပျိုးဖာထေးခြင်းတို့သည် ပရဖြစ်၏။ ပုဗ္ဗ–မုဉ္စ–ပရကာလသုံးပါးလုံး စိတ်အားတက်ကြွစွာ ထားရှိနေရမည်ဖြစ်၏။

ကံစိုက်ရာ၌လည်း ပုဗ္ဗ–မုဉ္စ–ပရ ကာလသုံးပါးလုံး စိတ်အားတက်ကြွစွာ စေတနာဇောထက်သန်နေရမည် ဖြစ်၏။ စိုက်နေကျကံများကို ကံစိုက်ပြိုင်ပွဲဖြင့် စွမ်းအားမြှင့်ကြရပါမည်။

ကောက်စိုက်ပြိုင်ရာ၌ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြိုင်ကြရသော်လည်း ကံစိုက်ပြိုင်ရာ၌မူ မိမိနှင့် မိမိသာပြိုင်ရမည် ဖြစ်၏။ မှန်ပါသည်။ မိမိနှင့် မိမိသာပြိုင်ရမည်။ မိမိ၏ မနေ့နှင့် မိမိ၏ ယနေ့။ မိမိ၏ ယနေ့နှင့် မိမိ၏ မနက်ဖြန်။ ကောင်းကံ မျိုးတွေ ဘယ်လောက်စိုက်ပျိုးနိုင်သလဲ။ ဘယ်နေ့က ဘယ်နေ့ထက် ပိုသာသလဲ။ အမြဲစစ်ဆေး အမှတ်ပေးရင်း ပို၍ပို၍ အမှတ်တိုးအောင် ကြိုးစားနေခြင်းသည် မိမိနှင့် မိမိကံစိုက်ပြိုင်ပွဲ ကျင်းပခြင်း မည်လေ၏။

သို့ဖြင့် ကောက်စိုက်ပြိုင်ပွဲ ကံစိုက်ပြိုင်ပွဲ ပြိုင်ပွဲများဖြင့် ကောင်းကျိုးချိုင် ကောက်စိုက်ပြိုင်၍ အထွက်တိုး၊ ကံစိုက်ပြိုင်၍ ကောင်းကျိုးဖြိုး၊ မျိုးမှအသီး အသီးမှမျိုး၊ အကျိုးမှကံ ကံမှအကျိုး အထွက်တိုးဖို့ အားကြိုးမာန်ခဲ ထန်ထန်သည်း စိုက်ပွဲများကျင်းပနေအပ်ကြပါကုန်သတည်း။ ။

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု(အင်္ဂလိပ်/မြန်မာ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကမ္ဘာအေး ကုန်းမြေ၊ ပိဋကတိုက်ဝင်းအတွင်းရှိ သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာရင်းသွင်းပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ (က–ပ)

မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၉

K.M Language & Business Centre က စီစဉ်သောအချိန်တို အတွင်း အထိရောက်ဆုံးသောနည်းဖြင့် လက်တွေ့သင်ကြားပေးမည့် မလေးစကားပြောသင်တန်းကို ဩဂုတ် တတိယပတ်တွင် စတင်ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။ K.M Centre အမှတ်(၂၅) နံ့သာလမ်း ဌာနေရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ဖုန်း–၂၂၁၁၆၀နှင့် အမှတ် (၂၈၆) ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း–၇၀၉၈၇၄သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၅။ မျိုးချစ်တပ်မတော်
၄:၃၅	၆။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ်(အင်္ဂလိပ်စာ) (ခ) ဒုတိယနှစ် (မြန်မာစာ)
၅:၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း–၆)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ မှတ်တမ်း (အပိုင်း–၁၅) ဗုဒ္ဓမြတ်စွာသာသနာအတွက် တစ်ရက်မနား တစ်သက် ကြိုးစားခဲ့သည့် ဆရာတော်**
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း–၁၈)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းစွမ်းဆောင်နိုင်မှု စွမ်းပကားကို အလေးအနက်ထားပြီး အမျိုးသားရေး အကျိုးစီးပွားကို ရေရှည်မျှော်မှန်းရေးဆွဲထားသည့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းအဆင့်ဆင့်ကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်း တိုးတက်ဖြစ်ထွန်းမှုများကြောင့် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို တွင်ကျယ်လွှမ်းမိုး ပိုင်းဖြတ်လာနေသည့်အတွက် ပညာခေတ်ကိုရောက်ရှိနေပြီဟု ပညာရှင်များအားလုံးက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

ပညာရေးကဏ္ဍတိုးတက်ရေး

ပညာရေးသည် တဖြည်းဖြည်း ပိုမိုကျယ်ဝန်းနက်ရှိုင်းလာသည်နှင့်အမျှ ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးသည် ပညာရှင်များ၏ စွမ်းဆောင်မှု သက်သက်အပေါ်မှာသာမကဘဲ တစ်မျိုးသားလုံး၏ ဝိုင်းဝန်းကြိုးပမ်း မြှင့်တင်မှုအပေါ်မှာ မူတည်လာနေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာစေရန်နှင့် ထိုသို့ ပေါ်ထွန်းလာသည့် လူ့စွမ်းအားအရင်းအမြစ် သယံဇာတများနှင့် နိုင်ငံတော်အတွင်း တည်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ် သယံဇာတများပေါင်းစည်းမိစေပြီး အမျိုးသားရေးအကျိုးစီးပွားကို ထိထိရောက်ရောက် မြှင့်တင်ဖော်ဆောင်ပေးနိုင်စေရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နည်းပညာပြောင်းလဲ

ထို့ပြင် နည်းပညာတိုးတက်ပြောင်းလဲမှုများသည် ပညာရေးကဏ္ဍ၏ အခြေခံနှင့် အလားအလာများကိုလည်း ပြောင်းလဲဖြစ်ပေါ်စေလျက်ရှိသလို သင်ကြားမှု သင်ယူမှု နည်းစဉ်များနှင့် နည်းလမ်းများကိုလည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲစေလျက်ရှိကြောင်း၊ ထိုသို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် အခါသမယတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အနာဂတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အပြင် အနာဂတ်၏ စိန်ခေါ်မှုများ၏ ကြားတွင် ရှင်သန်ဖွံ့ဖြိုးနိုင်သည့် အရည်အသွေးနှင့်စိတ်ဓာတ်တို့ဖြင့် ပြည့်စုံလာအောင် ပညာရေးကဏ္ဍကတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးလျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအပိုင်းကလည်း ကျောင်းသူ၊ ကျောင်းသားလူငယ်များကို နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသည့် မျှော်မှန်းချက်များနှင့်အညီ အနာဂတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အပြင် အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

အဓိကကဏ္ဍ

ထိုသို့ တိုင်းကျိုးပြည်ဆောင် နိုင်ငံ့သားကောင်း၊ သမီးမွန်များ ဖြစ်ထွန်းလာစေရေးမှာ လူငယ်များကို ပြုစုပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမများ၏ မှန်ကန်သည့် အားထုတ်ကြိုးပမ်းမှု၊ မွန်မြတ်သည့်စိတ်စေတနာနှင့် ဆရာ့အရည်အသွေးမြင့်မားမှုတို့သည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း၊ အထူးသဖြင့် ဆရာမများကိုယ်တိုင်က အမျိုးသားရေးအကျိုးစီးပွား မျှော်မှန်းသည့် ခံယူချက်၊ အမျိုးသားရေးအားမာန်ကို အားထားသည့် ယုံကြည်ချက်များ မြင့်မားခိုင်မာနေစေရမည့်အပြင် မိမိတို့၏တပည့် ကျောင်းသူ၊ကျောင်းသား လူငယ်များကိုလည်း ခိုင်မာသည့် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်တို့နှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုအပ်မှာ ဖြစ်ကြောင်း။

ဆရာ၊ဆရာမများအနေနှင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေပညာသက်သက် သင်ကြားပေးရုံနှင့် မလုံလောက်ဘဲ အသိအမြင်ကျယ်ပြန့်အောင်၊ အတွေးအမြင် ဗဟုသုတကြွယ်ဝအောင်၊ နိုင်ငံတကာအခြေအနေကို သိမြင်နားလည်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်အောင် လေ့ကျင့်သင်ကြားပေးကြရမှာ ဖြစ်ကြောင်း။

မိမိကိုယ်မိမိလေ့ကျင့်

လူငယ်များကိုယ်တိုင်က မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားအောင် ခေတ်မီနည်းပညာများ တတ်သိလိမ္မာအောင် ကြိုးစားကြရမည့်အပြင် ယနေ့ကမ္ဘာကြီးမှာ အမျိုးသားရေးဂုဏ်သိက္ခာ မပျက်မယွင်း ရပ်တည်နိုင်ရေး၊ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေး စသည့်အမျိုးသားရေး အကျိုးစီးပွား စွမ်းဆောင်မြှင့်တင်ပေးရမည်ဆိုသည့် အသိအမြင်နှင့် ခံယူချက်တို့ကိုပါ စွဲမြဲခိုင်မာလာအောင် မိမိကိုယ်မိမိ လေ့ကျင့်ကြရမှာဖြစ်ကြောင်း။

ယနေ့လူငယ်များအနေဖြင့် နိုင်ငံတကာမှာ မိမိတို့၏ အမိမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေသည်။ ထို့ကြောင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားအားထုတ်ရမည်။ လုံ့လ၊ဝီရိယ စိုက်ထုတ်ကြိုးစားမှုမရှိလျှင် သို့မဟုတ် ကြိုးစားအားထုတ်နိုင်သည့် အရည်အချင်း မရှိလျှင် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးမှုနောက်ကျမြဲ နောက်ကျကျန်ရစ်မည် ဆိုသည်ကိုသိမြင်ပြီး ဝီရိယအားထည့်ပြီး ကြိုးပမ်းလာကြစေရန်ကို ဆရာ၊ဆရာမများဘက်ကလည်း စည်းရုံးဦးဆောင်ပေးကြရမှာ ဖြစ်ကြောင်း။

နှိုင်းချိန်သိမြင်နိုင်မည်

သို့မှသာ ယနေ့အချိန်အခါတွင် နိုင်ငံတော် ပျက်စီးရာပျက်စီးကြောင်း ဖန်တီး လုပ်ဆောင်နေမှုများကို မျိုးဆက်သစ်လူငယ်များ နှိုင်းချိန်သိမြင် ရှောင်ရှားနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ မယိုယွင်းမပျက်စီးစေရအောင်၊ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရေးကို ရေရှည်အာမခံနိုင်မည့် ခိုင်မာသော အနာဂတ်ပေါ်ထွန်းလာစေရအောင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုစွမ်းအားကိုရယူပြီး ကောင်းမြတ်သော စေတနာမွန်ဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှု အဆင့်အတန်းမြင့်မားလာမှသာ ပညာရေး၊ကျန်းမာရေး၊ အသိပညာရေး၊ လူမှုရေး အခြေခံများ တိုးတက်မြင့်မားပြီး ပြည်သူများ၏ အသိအမြင်ကြွယ်ဝမှုနှင့်တကွ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းတွေအပေါ်မှာ တည်မှီပြီး ကြိုးပမ်းမှသာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းနိုင်မှာ ဖြစ်ကြောင်း။

လက်တွဲတည်ဆောက်

အထူးသဖြင့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တည်တံ့ခိုင်မြဲရေးကို ရေရှည်အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အခိုင်အမာဖြစ်တည်လာစေရအောင် တိုင်းရင်းသား လူမျိုးများအားလုံး၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဆက်လက်ပြီး လက်တွဲပူးပေါင်း တည်ဆောက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို မိမိတို့လိုလားသည့် အကျိုးအရှိဆုံးဖြစ်သည့် အမျိုးသားရေးပုံစံဖြင့် ဖြစ်ထွန်းလာစေရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်ကြရာတွင် ဆရာ၊ဆရာမများကလည်း အမျိုးသားရေးစွမ်းအားစု အားလုံး၏ အရင်းအမြစ်ဖြစ်သည့် ကျောင်းသူ၊ကျောင်းသား လူငယ်များကို အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ စနစ်တကျ ပြုစုပျိုးထောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား အစွန့်ရှည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအားမာန် ခိုင်မာတောင့်တင်းစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်း ဖြည့်ဆည်း တည်ဆောက်ပေးကြပါ။**
- **သမိုင်းအစဉ်အဆက် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထည်ဝါမြင့်မားခဲ့သည့် မြန်မာလူမျိုးတို့၏ အစဉ်အလာကောင်းနှင့်အညီ ကျောင်းသူ၊ ကျောင်းသားများအပါအဝင် တစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ သူ့ကျွန်မခံ စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ထက်မြက်နိုးကြားနေစေရအောင် ပညာရေးကဏ္ဍက စည်းရုံးဦးဆောင် ပေးကြပါ၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်နေသော အဖျက်အမှောင့်သမားများ၊ အလိုတော်ရိများ၏**

အန္တရာယ်ကို တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ လက်တွဲပြီး တွန်းလှန်တိုက်ဖျက်သွားကြပါ

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဗဟိုဝန်ထမ်း[...] သွားသည်။

အဆိုပါ အခြေခံပည[...] အမှတ်စဉ်(၅၃)သို့ ပြည်န[...] ဆရာ၊ ဆရာမ ၁၅၀၄ဦး [...] ရက်သတ္တပါတ် ကြာမြင့်[...]

✪ **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ၊ ဒဂုန်အင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Grand Golden View Condominium (B)နဝရတ်ကိုးပါး ရတနာအုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော်ပြက္ခဒိန် အကြံပေးပုဂ္ဂိုလ် ဦးကျော်က မော်ကွန်းကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ရတနာငွေကြုတ်ထည့်သွင်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က Grand Golden View Condominium (B) ရတနာအုတ်မြစ်တော်တွင် နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို ထည့်သွင်းသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့် ဦးဆောင်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒဂုန်အင်တာနေရှင်နယ် လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က နဝရတ်ကိုးပါး ရတနာအုတ်များကို သတ်မှတ်နေရာများ၌ ပြိုင်တူစီကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်က နဝရတ်ကိုးပါး ရတနာအုတ်များ အလယ်ဗဟို၌ ကမ္ပည်းကျောက်စာကို ထည့်သွင်းမြှုပ်နှံသည်။ ထို့နောက် ရတနာအုတ်မြစ်တော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး အစီအစဉ်ပထမပိုင်းကို ရပ်နားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွှန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် Grand Golden View Condominium (A)နဝရတ်ကိုးပါး ရတနာအုတ်မြစ်တော်စီမည့် မင်္ဂလာမဏ္ဍပ်၌ နေရာယူကြသည်။

အစီအစဉ်အရ နိုင်ငံတော်ပြက္ခဒိန် အကြံပေးပုဂ္ဂိုလ်ဦးကျော်က မော်ကွန်းကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က Grand Golden View Condomin[...] (A) ရတနာအုတ်မြစ်[...] နဝရတ်ကိုးပါး ရတနာငွေ[...] ထည့်သွင်းသည်။

ဆက်လက်၍ မင်္ဂလာအ[...] နိုင်ငံတော် အေးချမ်းသာယ[...] ဖွံ့ဖြိုးရေးကောင်စီ အတွင်း[...] ဗိုလ်ချုပ်ကြီးခင်ညွှန့် ဦး[...] နိုင်ငံတော် အေးချမ်းသာယ[...] ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ[...] ကြီးခင်မောင်သန်း၊ အစိုး[...] အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်[...] ဝန်တို့က နဝရတ်ကိုးပါး [...] အုတ်များကို သတ်မှတ်နေ[...] ပြိုင်တူစီကြသည်။

ကျောက်စာမြှုပ်နှံ

ယင်းနောက် နိုင်ငံတော် [...] သာယာရေးနှင့် ဖွံ့ဖြိုးရေး[...] အတွင်းရေးမှူး(၁) ဗိုလ်[...] ခင်ညွှန့်က နဝရတ်ကိုးပါး [...] အုတ်များ အလယ်ဗဟို၌ [...] ကျောက်စာကို ထည့်သွင်းမြှုပ်[...] ထို့နောက် ရတနာအုတ်မြစ်[...] အမွှေးနံ့သာရည်များ ပက်ဖျ[...]

ထို့နောက် နိုင်ငံတော် [...] သာယာရေးနှင့် ဖွံ့ဖြိုးရေး[...] အတွင်းရေးမှူး(၁) ဗိုလ်[...] ခင်ညွှန့်သည် Grand G[...] View Condominium [...] ကိုးပါး ရတနာအုတ်မြ[...] မင်္ဂလာအခမ်းအနား အောင်[...] အထိမ်းအမှတ်အဖြစ် ရတန[...]

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ဒဂုံအင်တာနေရှင်နယ် လီမိတက်တို့ ပူးပေါင်းဆောင်ရွက်မည့် Grand Golden View Condominium အဆောက်အအုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

...က်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာ...သည်။

...ဆိုပါ အခြေခံပညာဆရာ၊ ဆရာမများ၊ အထူးမွမ်းမံသင်တန်း...ဥ်(၅၃)သို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ...ဆရာမ ၁၅၀၄ဦး တက်ရောက်လျက်ရှိကြပြီး သင်တန်းကာလမှာ ...ဘ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ **သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။**



...n View Condominium ...ရတနာအုတ်မြစ်တော်တွင် ...ကိုးပါး ရတနာငွေကြုတ်ကို ...င်းသည်။

...်လက်၍ မင်္ဂလာအချိန်တွင် ...တ် အေးချမ်းသာယာရေးနှင့် ...ကောင်စီ အတွင်းရေးမှူး(၁) ...်ကြီးခင်ညွန့် ဦးဆောင်၍ ...တ် အေးချမ်းသာယာရေးနှင့် ...ကောင်စီဝင် ဒုတိယဗိုလ်ချုပ် ...မောင်သန်း၊ အစိုးရအဖွဲ့– ...ဝန်ကြီးများ၊ ရန်ကုန်မြို့တော် ...၁ နဝရတ်ကိုးပါး ရတနာ ...းကို သတ်မှတ်နေရာများ၌ ...ကြသည်။

ငွေမိုး ရွှာသွန်းဖြိုးပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Grand Golden View Condominium စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြို့တော် အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဒဂုန် အင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က Grand Golden View Condominium စီမံကိန်းပုံစံ ရေးဆွဲခြင်း၊

အုတ်မြစ်စီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ Grand Golden View Condominium(B) ရတနာ အုတ်မြစ်တော်တွင် နဝရတ် ကိုးပါး ရတနာအုတ်များကို သတ်မှတ်နေရာများ၌ ပြိုင်တူ စီကြစဉ်။ (သတင်းစဉ်)

ကျောက်စာမြှုပ်နှံ

...နောက် နိုင်ငံတော် အေးချမ်း...ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ...ရေးမှူး(၁) ဗိုလ်ချုပ်ကြီး...က နဝရတ်ကိုးပါး ရတနာ...း အလယ်ဗဟို၌ ကမ္ပည်း...စာကို ထည့်သွင်းမြှုပ်နှံသည်။ ...က် ရတနာအုတ်မြစ်တော်ကို ...သာရည်များ ပက်ဖျန်းသည်။ ...နာက် နိုင်ငံတော် အေးချမ်း...ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ...ရေးမှူး(၁) ဗိုလ်ချုပ်ကြီး ...သည် Grand Golden ...Condominium နဝရတ် ...ရတနာအုတ်မြစ်တော်စီ ...အခမ်းအနား အောင်မြင်ခြင်း ...အမှတ်အဖြစ် ရတနာရွှေမိုး၊

မြေစမ်းသပ်ခြင်း အပါအဝင် ဆက်လက် အကောင်အထည်ဖော် တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်စွက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များအား အဘက်ဘက်မှ အားပေးပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝီရိယ စိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း။

မျှမျှတတဖြစ်ရန်ဆောင်ရွက်

မိမိတို့နိုင်ငံအပေါ် အနိုင်ကျင့် ဝိတ်ဆိုဟန့်တား နှောင့်ယှက်နေသည့် ယနေ့ကဲ့သို့သော အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူအားလုံး အပြန်အလှန် အထောက်အကူပြုလျက် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် အခက်အခဲများကို ဝီရိယအား စိုက်ထုတ်ပြီး တက်ညီလက်ညီ လက်တွဲရင်ဆိုင် ကျော်လွှားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကိစ္စအဝဝကိုလည်း တိုင်းပြည်အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးနှင့် မိမိတို့၏ အကျိုးစီးပွားကို မျှမျှတတဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရန် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည့် နေရာမှာလည်း မြန်မာနိုင်ငံ၏ အဓိကရ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းအနီးတွင် တည်ရှိနေသည့် နေရာဖြစ်သည်နှင့်အညီ တင့်တင့်တယ်တယ် ခိုင်ခိုင်မာမာဖြင့် အရည်အသွေးပြည့်ပြည့်ဝဝ တည်ဆောက်သွားရန်လိုအပ်သကဲ့သို့ မိမိတို့ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့်အညီ သင့်တင့်မျှတသော တန်ဖိုးဖြင့် နေနိုင်ရေးအတွက်ကိုပါ စေတနာထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပုံစံငယ်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Grand Golden View Condominium အဆောက်အအုံ ပုံစံငယ်များကို ကြည့်ရှုသည်။

အဆိုပါ Grand Golden View Condominium သည် မြေ ၃ဒသမ ၅ ဧက ကျယ်ဝန်းပြီး ၂၁ထပ်ရှိ Tower(A) နှင့် Tower(B)နှစ်လုံးနှင့် ဟိုတယ်အဆောက်အအုံတစ်လုံး ပါရှိမည်ဖြစ်သည်။ Tower တစ်လုံးစီတွင် လူ ၁၅ယောက် စီးနိုင်သော ဓာတ်လှေကားသုံးစင်း ပါဝင်ပြီး Basement နှစ်လွှာ၌ Tower တွင် နေထိုင်သူများ၏ ကိုယ်ပိုင်မော်တော်ယာဉ်အစီး ၂၅၀ခန့် ရပ်နားရန် Private Car Parking နှင့် မြေညီထပ်နှင့် ပထမထပ်တို့တွင် Swimming Pool, Fitness Centre, SPA, Restaurant, Cafe , Branded Consumer Goods, Convenience Store များ ထည့်သွင်း တည်ဆောက်သွားမည်ဟု သိရသည်။ (သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၄ ခုနှစ် ဝေနေယျသုခရေချမ်းစင်အသင်းပြက္ခဒိန်နှစ်မျိုး တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် ၁၅၀လှူသူအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ် ၂၀၀ လှူသူအား နိုင်ငံခြားစက္ကူဖြင့်လည်းကောင်း ပြက္ခဒိန်တစ်စောင် လက်ဆောင်ရရှိမည်ဖြစ်သည်။ ရေအလှူဒါန ခုနစ်မျိုးစုံအတွက် ငွေကျပ် ၇၀၀လှူသူနှင့် ဝေနေယျသုခမဏ္ဍာရုံ ဘက်စုံအလှူရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် ငွေကျပ်တစ်သောင်း အလှူရှင်များကို ကမ္ပည်းမော်ကွန်းတင်ပြီး ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဖြစ်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကရေ၊မွေဘဏ္ဍာ ဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၃၀ ၇။ International News.
၈:၄၀ ၈။ Islands of Dhamma.
၈:၅၀ ၉။ **ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့ထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း**
၉:၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဥ္စမအကြိမ်ခြေစစ်ကြားဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု)(အထက–၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၀ ၆။ သီချင်းကြီးပဒေသာ
၅:၃၅ ၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၅:၄၅ ၈။ ၂၀၀၃ခုနှစ်ကောဒသမ(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(အခြေခံပညာ၁၅–၂၀) (အမျိုးသား၊အမျိုးသမီး)
၆:၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၁၅၁၀။ Discovery.
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Milo Success In Soccer.
၇:၁၀ ၁၄။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း စတုတ္ထဆယ်စုနှစ် (အပိုင်း–၂)**
၇:၂၅၁၅။ **စစ်ကိုင်းတောင်ရိုးမညိုးသည့်သာသနာ(အပိုင်း–၂)**
၇:၄၅၁၆။ ထုထည်ကြီးမားထင်ရှားဇော်ဖမ္မရုံ
၈:၀၀၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း–၄)**
၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး တတိယအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ အနုပညာရှင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ပြိုင်ပွဲအဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ကာဖွင့်လှစ်ပေးပြီး ပြိုင်ပွဲပထမနေ့ အစီအစဉ်များအဖြစ် အဆိုပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေးပြိုင်ပွဲများကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး၊ ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး အဆိုပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်တီးဝိုင်း (အဖွဲ့လိုက်နှင့် တစ်ဦးချင်း) ပြိုင်ပွဲများ၊ အငြိမ့်ပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲနှင့် မျက်လှည့်ပြိုင်ပွဲများပါဝင်၍ ပြိုင်ပွဲဝင်စုစုပေါင်း ၄၃၈ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၂၅ရက်အထိ နေ့စဉ်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၈) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနေရောင်ခြည် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ ထုတ်ဝေ၍ အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ်တည်းဖြတ်သော ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၈)ကို ဖြန့်ချိထားသည်။ အဆိုပါဂျာနယ်၌ တစ်ခါသုံးဆပ်ပြာမှုန့်ထုပ်ကလေးများအကြောင်းရေးထားသည့်အယ်ဒီတာအာဘော်၊ ကားဝယ်ရန် အကောင်းဆုံးအချိန်၊ လိပ်ခုံးကားများရဲ့ခရီးဆုံး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်၊ ယာဉ်စည်းကမ်းထိန်းသိမ်းမှု ကြီးကြပ်ရေးကော်မတီ၏ သတိပေးကြေညာချက်၊ ကားဝယ်ရောင်းသမားများအတွက် တားရော့ဂမ္ဘီရ ဟောကိန်း၊ ပြည်တွင်း၊ ပြည်ပမှ နောက်ဆုံးရရှိသော သတင်းများပါဝင်ပြီး အမှတ် ၂၇/၂၈ သီရိမွန်လမ်း သီရိမွန်ပလာဇာ မရမ်းကုန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (က-ပ)

သားငါးဖွံ့ဖြိုး၊ ပြည့်အကျိုး

အဓိကအရေး

- မြန်မာ့သမိုင်း၊ ခေတ်ကိုပိုင်းကာ ပြန်ကြည့်ပါလျှင်၊ မြန်မာတို့တွက် ရည်မှန်းချက်များ၊ ဆင့်ဆင့်ထားမှု ပြန်ကာရှုသော်၊ သူ့ကျွန်ဘဝ အမှောင်ကျ၍၊ ဘဝမွန်းကျပ် မလွတ်လပ်စဉ်၊ လွတ်လပ်ချင်၍ အစဉ်မြော်တွေး၊ လွတ်လပ်ရေးသည် အရေးပထမ၊ အဓိကတည့်။
- ထိုမှလွန်၍ သူ့ကျွန်ဘဝ၊ လွတ်မြောက်ရချိန် မငြိမ်မသက်၊ ဆူပွက်ပြည်ရွာ ထိုခေတ်ခါက၊ သာယာအေးချမ်း ပြည်တစ်ဝန်းမှာ၊ ဖြစ်ထွန်းလာရေး ငြိမ်းချမ်းရေးသည် အရေးပထမ၊ အဓိကတည့်။
- ငြိမ်းချမ်းပြည်ရွာ၊ ရှိ၍လာသော် မတော်မတရား၊ တိုင်းတစ်ပါးက များပြားနည်းနာ၊ သုံးစွဲကာဖြင့် ဝင်ကာခြေရှုပ်၊ တို့အချုပ်အခြာ ထိပါးလာသည့်၊ လက်ရှိချိန်ခါ အချုပ်အခြာ၊ အာဏာတည်တံ့ အရှည်ခံ့ရေး၊ ထိုအရေးသည် အရေးပထမ၊ အဓိကတည့်။
- တို့အချုပ်အခြာ၊ ဘယ်သောခါမှ မဆုံးရအောင်၊ ပြည်ထောင်စုကို မပြိုမကွဲ၊ ခိုင်ခိုင်မြဲဖို့ လက်တွဲခိုင်ခိုင်၊ တို့နိုင်ငံသား တိုင်းရင်းသားတွေ၊ ချစ်ကြည်နေဖို့ မချို့သတိ၊ တွေ့ထိကြုံကြိုက် ဆိုက်ရာခြေနေ၊ မတွေဝေဘဲ ဖွဲ့နှင့်ဖြေရှင်း၊ ဖြတ်ကျော်နင်းလျက် တို့ပြည်တွင်းမှာ၊ အေးချမ်းသာအောင် ကြံဆောင်အမြဲ၊ အားထုတ်စို့။ ။

ဖိုးဝ

ကမ်းရိုးတန်းသွား အမြန်ရေယာဉ်၏ အထူးတန်းမှာ ဤသို့ ခေတ်မီမီအဆင့်မြင့်မြင့် သပ်ရပ်သန့်ရှင်းစွာဖြင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြပြီ။

ဓာတ်ပုံ- ဌေးအောင် (ကြေးမုံ)

⇨ **ရေကြောင်းပို့ဆောင်ရေးမှ**

လှိုင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ခဲ့သော ပထမဆုံးတံတား၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို မြေတစ်ကြောတည်းဖြစ်စေရန် ဆက်စပ်ပေးလိုက်သော ပထမဆုံးတံတားဖြစ်သည်။ ယင်းနောက် ဗိုလ်မြတ်ထွန်းတံတားအပါအဝင် တံတားများ တစ်စင်းပြီးတစ်စင်းပေါ်ထွန်းလာခဲ့ပြီး ရန်ကုန်မြို့တော်နှင့် ဧရာဝတီတိုင်းတို့ ကားလမ်းခရီးဖြင့် ဆက်သွယ်လာနိုင်သည်။ တိုင်းအတွင်း၌လည်း လမ်းကွန်ရက်ပုံ ပေါ်လာသည်။ ယခင်က ရေလမ်းကိုသာ အားထားပြီး သွားလာခဲ့ကြရမှကားလမ်းခရီးဖြင့် လျင်မြန်စွာ သွားလာနိုင်ခဲ့ကြပြီဖြစ်သည်။ မြန်မြန်သွား၊ မြန်မြန်လာ၊ မြန်မြန်သယ်၊ မြန်မြန်ပို့၍ အချိန်ကိုအကျိုးရှိစွာ အသုံးပြုလာနိုင်ခဲ့ကြပေပြီ၊ ယခင်က စီးခဲ့ရကြရဖူးသော ကားဆိုသည်မှာ သစ်သားကိုယ်ထည်ကြီးများနှင့်ဖြစ်ပြီး ပုံစံမှာလည်း ထင်ရှူးသေတ္တာကို ဘီးတပ်ထားသည့်နှယ်၊ ယခုမူမှန်လုံမီနီဘတ်စ်ကားများ၊ အဲယားကွန်းကားများနှင့် အဆင့်မြင့်မြင့် ခရီးသွားနိုင်ကြပေပြီ။

ဧရာဝတီတိုင်းမှာမြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အားလျော်စွာ မြစ်ချောင်းအင်းအိုင်များနှင့် ပင်လယ်ကမ်းရိုးတန်းများတည်ရှိနေကြသည့်အတွက်ရေလမ်းခရီးကို လက်လွှတ်၍မရသေးသော နေရာများရှိနေသေးသည်။ သို့ဖြင့် ယခင်ကရေလမ်းဖြင့် ညအိပ်သွားခဲ့ကြရသောခရီးတို့ကို နေ့ချင်းပေါက်ရောက်နိုင်ရန် နာရီပိုင်းဖြင့် သွားလာနိုင်ရန် ကြိုးပမ်းလာကြပြီး အမြန်ရေယာဉ်များ တည်ဆောက်ပြေးဆွဲလာကြသည်။ ဤသည်မှာ ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတိုးတက်ပြောင်းလဲလာခြင်းနှင့် စပ်လျဉ်းသည့် ပုံရိပ်တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

အမြန်ရေယာဉ် တည်ဆောက်ရေးလုပ်ငန်းခွင်

မိမိတို့ကြေးမုံသတင်းအဖွဲ့ ဇူလိုင်လအတွင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ကွင်းဆင်းလေ့လာ၍ သတင်းဆောင်းပါးမှတ်တမ်းဓာတ်ပုံများ ရယူမှုခရီးစဉ်အတွင်း ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိန်မောင်၏ စီစဉ်ပေးမှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့်အတူ ပုသိမ်မြို့ ဝဲဒေါင့်ရပ်ကွက်ရှိ အမြန်ရေယာဉ် တည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုသို့ ရောက်ရှိသွားကြသည်။

ငဝန်မြစ်ကမ်းပါး တစ်နေရာတွင် အလျားပေ၁၄၀၊ အနံ၁၇ပေခွဲနှင့် ရေစူးငါးပေခွဲအရွယ်ရှိရေယာဉ်သံကိုယ်ထည်ကြီးကို တည်ဆောက်ရန် လေးဂိတ်အထူရှိ သံပြားများကို ဖြတ်တောက်ဆက်စပ်လျက်ရှိသော လုပ်ငန်းခွင်မြင်ကွင်းနှင့်အတူ ရေယာဉ်လုပ်ငန်းပိုင်ရှင်ဦးအောင်မြင့်ကိုပါ အဆင်သင့်တွေ့ကြရသည်။

အဆိုပါရေယာဉ်ကိုယ်ထည်ကြီးကို မေလအတွင်းက စတင်တည်ဆောက်ခဲ့ရာ စက်တင်ဘာလတွင် ပြီးမည်ဟု ခန့်မှန်းထားကြောင်း၊ ပုသိမ်မြို့မှ ရေယာဉ်တည်ဆောက်မှု ပညာရှင်များ စက်မှုပညာရှင်များနှင့်ပင်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ခရီးသည် ၂၀၀ခန့် စီးနင်းလိုက်ပါနိုင်မည်ဖြစ်ပြီး ရန်ကုန်-လပွတ္တာ-ရန်ကုန် ခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း၊ အောင်ခိုင်ဖြိုးဟု အမည်ပေးရန် စိတ်ကူးထားကြောင်း ဦးအောင်မြင့်က ကြေးမုံသို့ ပြောကြားသည်။

ယင်းနောက် ကြေးမုံအဖွဲ့သည် အောင်ပြည့်ဖြိုးအမည်ရှိ လက်ရှိပြေးဆွဲလျက်ရှိသောအမြန်ရေယာဉ်ကို ကြည့်ရှုလေ့လာရန်အတွက် ပုသိမ်မြို့ ဥမ္မာဒန္တီဆိပ်ကမ်းသို့ ရောက်ရှိကြသည်။ မိမိတို့အဖွဲ့ ဆိပ်ကမ်းသို့ ရောက်ရှိပြီး မကြာမီမှာပင် အောင်ပြည့်ဖြိုးအမြန်ရေယာဉ် ဆိုက်ကပ်လာသည်။

လမ်း၌ညအိပ်ရန်မလို

အောင်ပြည့်ဖြိုး ရေယာဉ်ကိုလည်း ဦးအောင်မြင့်ကပင် တည်ဆောက်ခဲ့ပြီး ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ စတင်၍ပုသိမ်-ငပုတော-ပြင်ခရိုင်-ဟိုင်းကြီးကျွန်း-ခမောက်မော်ခရီးစဉ်ကို ပြေးဆွဲလျက်ရှိသည်။ ပုသိမ်-ခမောက်မော်မိုင် ၉၀ခရီးကို ခုတ်မောင်းချိန် လေးနာရီခွဲဖြင့် အရောက်မောင်းသည်။ ပုသိမ်မှ နံနက်၁၁နာရီထွက်ခွာ၍ ခမောက်မော်သို့ ညနေ ၄နာရီတွင် ရောက်ရှိပြီး ခမောက်မော်မှ နံနက် ၆နာရီထွက်ခွာ၍ ပုသိမ်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိသည်။ ယခင်ကကဲ့သို့ လမ်းခရီးတွင် ညအိပ်ရန်မလိုတော့။

ရေယာဉ်တွင် အထူးတန်းအိပ်ခန်းတစ်ခန်းပါရှိရာ ရေခဲသေတ္တာ၊ အဲယားကွန်း၊ တီဗွီ၊ အိပ်စင်နှစ်ခုနှင့် စားပွဲကုလားထိုင်တစ်စုံ ထည့်သွင်းပေးထားပြီး စီးနင်းခ ကျပ် ၁၀၀၀၀ဖြစ်သည်။

တည်ဆောက်ရကျိုးနပ်

အထူးတန်းတွင်မူ ထိုင်ခုံ ၄၀ ပါဝင်ပြီး ရေယာဉ်မယ်သုံးဦးတို့က ကော်ဖီ၊ မုန့်၊ ရေနွေးတို့ဖြင့် ဝန်ဆောင်မှုပေးသည်။အဲယားကွန်းနှင့်တီဗွီတို့ တပ်ဆင်ပေးထားပြီး လိုက်ပါစီးနင်းခမှာ ကျပ် ၂၀၀၀ဖြစ်သည်။ ရိုးရိုးတန်းတွင် ထိုင်ခုံ ၁၃၂ခုံပါဝင်ပြီး တစ်ဦးလျှင် ကျပ်၁၀၀၀နှုန်းဖြစ်သည်။ ရေယာဉ်မှာ တစ်ထပ်ခွဲရေယာဉ်ဖြစ်ရာ အပေါ်ထပ်သို့တက်၍ အပန်းဖြေနိုင်ရန်လည်း စီစဉ်ပေးထားသည်။ လိုက်ပါစီးနင်းသည့်ခရီးသည် ပြည်သူများ စိတ်ချမ်းသာကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ကုသိုလ်လည်းရ ဝမ်းလည်းဝသဖြင့် တည်ဆောက်ရကျိုးနပ်သည်ဟု ဆိုနိုင်ပါကြောင်း ရေယာဉ်လုပ်ငန်းပိုင်ရှင်ဦးအောင်မြင့်က ကြေးမုံသို့ ပြောကြားသည်။

ရေလမ်းတစ်ခေတ်ဆန်းသစ်

ရေယာဉ်တည်ဆောက်ထားပုံအဆင့်အတန်းမှာ ယခင်ကခုတ်မောင်းပြေးဆွဲခဲ့သော မော်တော်ရေယာဉ်များနှင့် နှိုင်းယှဉ်လျှင် ပုံသဏ္ဌာန်ရောစွမ်းရည်ပါ လုံးဝခြားနားသွားခဲ့ပြီဖြစ်သည်။ ခရီးသည်များ လိုက်ပါစီးနင်းရသည်မှာ ဆိုဖာထိုင်ခုံ၊ လေအေးစက်နှင့် တီဗီတို့ဖြင့် သက်သောင့်သက်သာရှိသကဲ့သို့ ခေတ်မီရေကြောင်းပြ ကိရိယာများ၊ အီလက်ထရွန်းနစ်ဆက်သွယ်ရေးပစ္စည်းများ၊ ရေယာဉ်သက်ကယ်ပစ္စည်းများ ထည့်သွင်း တပ်ဆင်ထားခြင်းကြောင့် လုံခြုံမှုလည်းရှိလာသည်။ ဂျပန်နိုင်ငံလုပ် EF-Hino 750 ဒီဇယ်အင်ဂျင်နှစ်လုံး တပ်ဆင်ထားခြင်းကြောင့် တစ်နာရီလျှင် မိုင် ၂၀နှုန်းဖြင့် လျင်မြန်စွာ ခုတ်မောင်းသွားလာနိုင်သည်။ မြန်မြန်သယ်ပို့၊ မြန်မြန်သွားလာ၊ လမ်းခရီး၌ အချိန်မကုန်တော့ဘဲအချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ကြပြီဖြစ်သည်။

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး တစ်ခေတ်ဆန်းသစ်နေပြီဟု ဆိုရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ (ကြေးမုံ)

ရိုးရိုးတန်းခရီးသည်များမှာလည်း မိမိတို့သွားလိုရာခရီးကို ဤသို့ သက်သောင့်သက်သာစွာ သွားလာနိုင်ကြသည်။

ဓာတ်ပုံ-ဌေးအောင်-(ကြေးမုံ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင်များပါဝင်သော အဖွဲ့သည် ဧရာဝတီတိုင်း မအူပင်၊ ညောင်တုန်း၊ ပန်းတနော်နှင့် ဓနုဖြူမြို့နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံမှာကြားရန်၊ အသင်းပိုင် သားဖွားခန်းများ၊ နေ့ကလေးထိန်းကျောင်းများ၊ အသင်းအဆင့်ဆင့်၏ လှုပ်ရှားမှုများကို ကြည့်ရှုလေ့လာရန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန်တို့အတွက် ယနေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်သို့ ရောက်ရှိကြသည်။

ကြိုဆို

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့အား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်နီနီဝင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဇနီး ဒေါ်သန်းသန်းလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် နံနက် ၉နာရီတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်နီနီဝင်းနှင့် နာယက အဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကော်မတီ နာယက ဒေါ်သန်းသန်းလွင်နှင့် နာယကအဖွဲ့ဝင်များ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ ဧရာဝတီတိုင်းရှိ လူငယ်လူရွယ် ကိုယ်စားလှယ်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ထို့နောက် မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက အသင်း၏ လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဖြေရှင်းရန်နည်းလမ်းများ၊ အကြံဉာဏ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ပံ့ပိုးနိုင်မည့် အခြေအနေများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ ပံ့ပိုးကူညီပေးကြရန်တို့ကို ရှင်းလင်းမှာကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မအူပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသော Diagnostic Ultrasound တစ်လုံးနှင့် စက်ဘီးငါးစီးတို့ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပေးအပ်ရာ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းအောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းသို့ သွားရောက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သားဖွားမိခင်များအား ထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ်ရှိ နေ့ကလေးထိန်းကျောင်းသို့ ရောက်ရှိကြပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကလေးများအား ဗလာစာအုပ်၊ ခဲတံနှင့် အရုပ်များကို ပေးအပ်၍ အသင်းမှ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံအားပေး

ထိုမှတစ်ဆင့် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့သို့ ရောက်ရှိကြပြီး ပန်းတနော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းကို ကြည့်ရှုလေ့လာ၍ သားဖွားပြီး မိခင်များအား တွေ့ဆုံကာ အားပေးစကား ပြောကြားပြီး သားဖွားခန်း၌ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ပန်းတနော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် လှူဒါန်းသော သားဖွားခန်းသုံးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပေးအပ်လှူဒါန်းပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

လက်ဆောင်ပေး

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ မအူပင်မြို့နယ်ရှိ နေ့ကလေးထိန်းကျောင်းတွင် ကလေးငယ်များအား အရုပ်လက်ဆောင်ပေးစဉ်။

(သတင်းစဉ်)

ရုပ်ရှင်ကားကြီး ၁၈ ကားပြသခွင့်ရရှိ ရုံတင်ရက်များ ညှိနှိုင်းသတ်မှတ်ထား

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၃ ခုနှစ်ကုန်ပိုင်းနှင့် ၂၀၀၄ ခုနှစ်ပိုင်းအထိ ပြသခွင့်ရရှိပြီး ရုပ်ရှင်ဇာတ်ကားကြီး ၁၈ ကား ထုတ်လုပ်သူများနှင့် ညှိနှိုင်း၍ ရုံတင်ရက်များ သတ်မှတ်ပြီးကြောင်း သိရသည်။

၂၀၀၃ ခုနှစ်ကုန်ပိုင်းအထိ ရုံတင်ရက်ချိတ်ထားသော ရုပ်ရှင်ဇာတ်ကား ကိုးကားရှိရာ ရန်အောင်၊ လွင်မိုး၊ ထက်ထက်မိုးဦးတို့ပါဝင်သည့် **ငါ သူတစ်ပါး ယောကျ်ား မိန်းမ** ဇာတ်ကား၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သည့် **အစိမ်းရင့်ရင့်လမင်း၊** ဒွေး၊ ကျော်ရဲအောင်၊ နန္ဒာလှိုင်တို့ပါဝင်သည့် **ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍၊** ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ပါဝင်သည့် **အမုန်းပြိုင်ပွဲ၊** လူမင်းနှင့် အိန္ဒြာကျော်ဇင်တို့ပါဝင်သည့် **လမင်းကို စိန်ခေါ်ကြသူများ၊** ကျော်ဟိန်း၊ လွင်မိုး၊ ခိုင်သင်းကြည် တို့ပါဝင်သည့် **အဖေ၊** ဒွေး၊ ထက်ထက်မိုးဦးတို့ပါဝင်သည့် **မေ့မရတဲ့နေ့များ၊** လူမင်း၊ ထက်ထက်မိုးဦး တို့ပါဝင်သည့် **ညွှန်းစာဖွဲ့လို့မမီ**နှင့်ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သည့် **နေကမွေးတဲ့လ** ဇာတ်ကားများဖြစ်ကြသည်။

၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းမှ ဧပြီလအထိ ပြသခွင့်ရရှိပြီး ဇာတ်ကားကိုးကားကိုလည်း ရုံတင်ရက် သတ်မှတ်ပြီးကြောင်း သိရသည်။ (ကြေးမုံ)



ရုပ်ရှင်

သကြိန်ဝေးဝေး

ရိုက်ကူးပြီးစီးနေပြီဖြစ်သော ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်၏ "သကြိန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် အချစ်ဝက်ပါ ရိုက်ကူးပြီးစီး

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ရုပ်ရှင်အစည်းအရုံး ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် မအေးလေးဝတ္ထုကို ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသော **အချစ်ဝက်ပါ** ဗီဒီယိုဇာတ်ကားမှာ ရိုက်ကူးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပါဝင်

ထိုဇာတ်ကားတွင် ရာဇာနေဝင်း၊ ပုလဲဝင်း၊ မိုးဒီ၊ ကျော်ထူးနှင့် ရုပ်ရှင်သရုပ်ဆောင် သင်တန်းဆင်း သင်တန်းသားများ ပါဝင်ကြသည်။ (ကြေးမုံ)

မြားနှစ်စင်းဆုံမှတ်

စိန်ဌေးဗီဒီယိုမှ မကြာမီဖြန့်ချိမည့် ဒါရိုက်တာ သက်မောင်မောင် ရိုက်ကူးသည့် "မြားနှစ်စင်းဆုံမှတ်" ဗီဒီယိုဇာတ်ကားမှ ခန့်စည်သူနှင့် စိုးမြတ်နန္ဒာ။

မကြာမီပြသတော့မည့် ရဲကျော်သူရုပ်ရှင်မှ ဒါရိုက်တာ မလိခစိုးထိုက်အောင်၏ "မေ့မရတဲ့နေ့များ" ဇာတ်ကားမှ ထက်ထက်မိုးဦး။



ရွှေလောင်း တံတား

ပြည်ထောင်စု တစ်နံ့တစ်လျား တံတားများ ကွန်ရက်သဖွယ် ဆက်သွယ်တည်ဆောက်ဖွင့်လှစ် ပေးခဲ့ရာ ဧရာဝတီတိုင်း ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ ကမ်းပေါ်ရှိရွှေလောင်းတံတားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ (ဝဲပုံ)

ဓာတ်ပုံမှတ်တမ်း-လှိုင်မိုး(ရွှေအင်းသား)

ပြည်ထောင်စု တိုင်းရင်းသားတို့ အကျိုးစီးပွား သယ်ပိုးစွမ်းဆောင်ပေးသည့် တည်ဆောက်ရေးလုပ်ငန်းများ မြင်ကွင်း

ဓာတ်ပုံမှတ်တမ်း

သွင်အေး(ကြေးမုံ)
လှိုင်မိုး(ရွှေအင်းသား)
သတင်းစဉ်

လောကနန္ဒာ မြစ်ရေတင်စီမံကိန်း

မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာ မြစ်ရေတင်စီမံကိန်းမှ ထပ်ဆင့်ရေတင်စက်ရုံကို ဤသို့တွေ့ရသည်။ (အပေါ်ပုံ)

ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်

နယ်စပ်ဒေသ အထက ကျောင်းခွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဟိုနမ့်အုပ်စု ဥယာစန်းကျေးရွာတွင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၇ ရက်က ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်းခွဲကို ဤသို့တွေ့ခဲ့ရသည်။ (အပေါ်ပုံ)

ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

မုန်းချောင်း ရေလှောင်တမံ တည်ဆောက်

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ တည်ဆောက်လျက်ရှိသော မုန်းချောင်းရေလှောင်တမံ၊ ကုန်းကျောတမံနှင့် မုန်းချောင်းရေပြင်ကို တွေ့ရစဉ်။ (ယာပုံ)

ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)နှင့် ရောဝတီတိုင်း မင်္ဂလာပြန့်ပွားရေးအဖွဲ့တို့ ပူးပေါင်းမှုဖြင့် မင်္ဂလာဆုနှင်းသဘင်အခမ်းအနားကို ဩဂုတ် ၁၂ရက်က ပုသိမ်မြို့ သာသနာ့ဗိမာန်၌ပြုလုပ်ရာ တစ်ပြည်လုံး တတိယဆင့် ပထမဆုရ မလွင်လွင်ချို(ဒါးက အထက)အား ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မြေဦးက ရွှေတံဆိပ်ဆုနှင့် ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်စဉ်။ (၂၃)

▲ ရွှေလီမြစ်မှ

လွန်ခဲ့သော ဩဂုတ် ၈ရက်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်းရှိ ရွှေလီမြစ်ပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်မည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Corporation (YMEC) တို့တည်ဆောက်ရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှာလည်း ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်နှင့် ချစ်ကြည်ရေး အထိမ်းအမှတ် သမိုင်းမှတ်တိုင် စိုက်ထူလိုက်နိုင်ခြင်းသာမက အင်အားကြီး အနောက်နိုင်ငံကြီးအချို့၏ စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်စိန်ခေါ်လိုက်နိုင်ခြင်းဟု ဆိုနိုင်ပေသည်။

သမိုင်းမှတ်တိုင်

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် တစ်မြေတည်း၊ တစ်ရေတည်း၊ နယ်နိမိတ်ချင်း ထိစပ်နေကြသည့် သွေးသားပေမို့ဘယ်သူခွဲခွဲ သွေးမကွဲဘဲ အမြဲစည်းလုံးကာ အချင်းချင်း ရိုင်းပင်းကူညီကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။ သမိုင်းမှတ်တိုင်များလည်း အထင်ကရရှိခဲ့ပေသည်။

ယခုကဲ့သို့ အဖျက်အမှောင့်ပယောဂ လက်ဝါးကြီးအုပ် စိုးမိုးခြယ်လှယ်လိုသူ အင်အားကြီးနိုင်ငံတို့က သွေးခွဲသပ်လျှိုနေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှု၊ အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ စာနာထောက်ထားမှုတို့ကို ဩဂုတ်လ ၈ရက်နေ့က ချုပ်ဆိုခဲ့သည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်းသည့် စာချုပ်ပွဲက သက်သေထူလိုက်ပေသည်။

သက်သေတည်

အဆိုပါစာချုပ်ပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာတွင် **ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်နှင့် ချစ်ကြည်ရေးအထိမ်းအမှတ် ကျောက်တိုင်အဖြစ် ထာဝစဉ်တည်ရှိနေမှာဖြစ်သည်** ဟူ၍ ပြောကြားခဲ့ရာ စီမံကိန်း၏ အဓိကကျသော ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတင်၍ မြစ်ဖျားခံပြီး မြန်မာပြည်တွင်းသို့ စီးဆင်းလာခြင်းဖြစ်၍ ရွှေလီရေအားလျှပ်စစ်စက်ရုံသည် ယင်းရွှေလီမြစ်ကို အသုံးပြုသည့် စက်ရုံဖြစ်သဖြင့် **ရွှေလီမြစ်ကိုသက်သေတည်** ဟုလည်း ဆိုကောင်းပေသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်အကွာ မန်တက်ကျေးရွာအနီးတွင် တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စတင်မြစ်ဖျားခံကာ မြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်းမြို့များအနီးမှ ဖြတ်သန်း၍ အင်းရွာအနီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက် နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ အရှည်ခြောက်မိုင်ခန့်တွင် အနိမ့်အမြင့်ကွာခြားချက် ပေ ၁၀၀၀ ခန့်အတွင်း ရေကျရေတံခွန်များဖြစ်ပေါ်နိမ့်ဆင်းသွားသည့် ရွှေလီမြစ်ကို အသုံးချ၍ ရေအားလျှပ်စစ် ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

ရေပို့လွှတ်မည်

အဆိုပါစီမံကိန်းတွင် အလျားပေ ၅၈၀၊ အမြင့်ပေ ၁၅၀ရှိ ကွန်ကရစ်ရေလှောင်တမံတည်ဆောက်ပြီး သိုလှောင်ရရှိသည့်ရေများကို အချင်း ၂၂ဒသမ၅ပေနှင့် အလျား ၁၅၉၅ ပေရှိ ဖိအားမြှင့် ပိုက်လိုင်းဖြင့် စက်ရုံသို့ ရေပို့လွှတ်မည်ဖြစ်သည်။

ဓာတ်အားထုတ်လုပ်မှု

ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ၁၀၀ မဂ္ဂါဝပ် အင်အားရှိ စက်လေးလုံးတပ်ဆင်၍ ဓာတ်အားထုတ်လုပ်ပေးမည်ဖြစ်ရာ တစ်နှစ်လျှင် ပျမ်းမျှ ၃၀၄၂ ကီလိုဝပ်နာရီသန်းပေါင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ထိုသို့ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို (ရွှေလီ၊ နမ္မတူ၊ ပြင်ဦးလွင်၊ မန္တလေး) ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၂၂၀ တည်ဆောက်ပြီး နိုင်ငံတော်မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်၍ နိုင်ငံတော်တစ်ဝန်းလုံးသို့ ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ထိုသို့ နိုင်ငံတစ်ဝန်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ရွှေလီ–မန္တလေး ၂၃၀ ကေဗွီဓာတ်အားလိုင်းသာမက ၁၃၂ ကေဗွီ မန္တလေး–မုံရွာ ဓာတ်အားလိုင်း ၁၃၅မိုင်၊ ၆၆ကေဗွီ နမ္မတူ–သီပေါ–ကျောက်မဲ ဓာတ်အားလိုင်း ၅၃ မိုင်၊ ၆၆ ကေဗွီ နမ္မတူ–လားရှိုးဓာတ်အားလိုင်း ၂၃ မိုင်၊ ၆၆ ကေဗွီ ရွှေလီ–နမ့်ခမ်း–မူဆယ်ဓာတ်အားလိုင်း ၄၇ မိုင်၊ ၆၆ ကေဗွီ ရွှေလီကွတ်ခိုင် ဓာတ်အားလိုင်း မိုင် ၅၀၊ ၆၆ကေဗွီ ရွှေလီ–ဗန်းမော် ဓာတ်အားလိုင်း ၄၆ မိုင်၊ ၁၁ ကေဗွီ မူဆယ်–ကြူကုတ် ဓာတ်အားလိုင်း ၁၂ မိုင်၊ ၁၁ကေဗွီ ကွတ်ခိုင်–သိန္နီဓာတ်အားလိုင်း ၁၈ မိုင် စသည့် ဓာတ်အားလိုင်းများကို တည်ဆောက်၍ တစ်ပြည်လုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ကြက်ပို့လွှတ်နိုင်မည် ဖြစ်ပေသည်။

ထိုသို့သော လုပ်ငန်းများအပါအဝင် ရွှေလီစီမံကိန်းအတွက် ကုန်ကျငွေမှာ နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၁၇၆ သန်းခန့် ကုန်ကျမည်ဟု သိရသည်။

အထောက်အကူပေး

ရွှေလီရေအားလျှပ်စစ် စီမံကိန်းကြီးပြီးစီးပါက ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မုံရွာ ကြေးနီမိုင်း၊ နမ္မတူ သတ္တုတွင်း၊ သပိတ်ကျင်းနီကယ်မိုင်းသစ်နှင့် အထက်မြန်မာပြည်ရှိ စီမံကိန်းများနှင့် စက်ရုံများသို့ လည်းကောင်း၊ ကချင်ပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ သွေးချင်းသားရင်းညီအစ်ကိုမောင်နှမများနေထိုင်ရာ နယ်စပ်ဒေသများသို့လည်းကောင်း ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ပေတော့မည်ဖြစ်ပေရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးမည့် ရေအားလျှပ်စစ် စီမံကိန်းလည်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရွှေလီရေအားလျှပ်စစ် စက်ရုံစီမံကိန်း တည်ဆောက်ရာတွင် ရေယူဥမင်လိုဏ် ဖောက်လုပ်မည့် တောင်စဉ်တောင်တန်းများကို ညို့ညို့မှိုင်းမှိုင်းဖြင့် ရွှေလီမြစ်ကမ်းနားတွင် ထီးထီးမားမား တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

မြန်မာ–ကနေဒါအမျိုးသမီးဘောလုံးပွဲ မြန်မာအမျိုးသမီးသုံးဂိုး–တစ်ဂိုးဖြင့်နိုင်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာ–ကနေဒါနှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ကနေဒါ အေအိုင်အေလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ချစ်ကြည်ရေး ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၄နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း သုံးဂိုး။ [အေးနန္ဒာလှိုင် (ပိုင်နယ်တီ)၊ သူဇာထွေးနှင့် ဇင်မာဝမ်း–တစ်ဂိုးစီ]

ကနေဒါအေအိုင်အေလက်ရွေးစင် အမျိုးသမီးအသင်း တစ်ဂိုး။ (နံပါတ်–၉၊ Ashlee SDavison) ဒိုင်လူကြီး ဦးသိန်းမြိုင်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အနိုင်ရရှိခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းကို ထုတ်မပြနိုင်သေးဘဲရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ရှေ့တန်းနှင့်အလယ်တန်းတို့ အဓိကအချိတ်အဆက်လွဲနေကြ၍ တိုက်စစ်အသွင်ကို အပီအပြင်မဖော်ပြနိုင်သေးဘဲရှိနေသေးသည်။

ပွဲအစရှစ်မိနစ်မှာပင် မြန်မာအမျိုးသမီးအသင်း တိုက်စစ်မှူး ဇင်မာဝမ်း၊ အစွမ်းပြ ကာကွယ်နိုင်သောကြောင့် ပထမပိုင်းတွင် တစ်ဂိုးစီသရေဖြစ်နေသည်။

ဒုတိယပိုင်းပွဲစ၍ တစ်မိနစ်မပြည့်မီမှာပင် မြန်မာအသင်းကွင်းလယ်ကစားသမား သူဇာထွေး အေအိုင်အေ ဂိုးသမား ရှေ့ထွက်နေသည်ကို အခွင့်ကောင်းယူပြီး ဂိုးသမားကိုကျော်သွင်းလိုက်၍ မြန်မာအသင်း ဒုတိယဂိုးရရှိသွားသည်။ အေအိုင်အေ၏ တိုက်စစ်ဆင်မှု မှန်သမျှကို မြန်မာနောက်ခံလူ အသင်းခေါင်းဆောင် စန်းစန်းမော်က မလွတ်တမ်းဖျက်ထုတ်နိုင်ခြင်းကြောင့် အေအိုင်အေတိုက်စစ်ပျက်သွားပြီး မြန်မာအသင်း တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သည်။

မြန်မာအသင်း ဂိုးရရှိရေးအတွက် နေရာစုံထောင့်စုံမှ ကြိုးစားလာသော်လည်း ဂိုးသွင်း ခြေမမှန်၍ ဂိုးထပ်မရဖြစ်နေသည်။ ၃၄မိနစ်တွင် ဇင်မာဝမ်းက အလယ်ကျောမှ မျှောပေးသည့် ဘောလုံးကို မနားတမ်းကန်သွင်းလိုက်၍ မြန်မာအသင်း တတိယဂိုး (ပွဲသိမ်းဂိုး) ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းအနေဖြင့် အနိုင်ဂိုးများထပ်မံရရှိနိုင်သော်လည်းကစားကွက်ကို အပီအပြင် ဖော်ဆောင်နိုင်မှု အချိတ်အဆက်အတွဲညီမှု၊ ဂိုးသွင်းခြေမှန်မှုတို့ လိုနေသေးကြောင်း တွေ့ရသည်။

ထို့ကြောင့် မြန်မာလက်ရွေးစင် အမျိုးသမီးအသင်း အနေဖြင့် ယခုခြေစွမ်းပွဲမှ အတွေ့အကြုံကောင်းများကို ရယူပြီး ရှေ့တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများတွင် မှန်ကန်စွာ အသုံးချတတ်ရန် လိုအပ်ပေလိမ့်မည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ဂိုး–မေခင်ယဉ်မင်း၊ နောက်တန်း–နှင်းဆီမြင့်၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ နေဇာလင်းလင်းအောင်၊ အလယ်တန်း–သူဇာထွေး၊ အေးနန္ဒာလှိုင်၊ လှလှသန်း၊ မိုးမိုးဝါ၊ ရှေ့တန်းတွင် ဇင်မာဝမ်းနှင့် စန်းစန်းကြူ(မိုင်နီလာထွေး)တို့ ပါဝင်ကစားသွားကြသည်။ (ကြေးမုံ)

မြန်မာအသင်း ရှေ့တန်းမှ ဇင်မာဝမ်းက ကနေဒါ နောက် တန်းသုံး ယောက် ကို ဖြတ် ကျော် ၍ ဂိုးသွင်းရန် ကြိုး စားစဉ်။

(ကြေးမုံ)

ပိုင်နယ်တီစည်းအတွင်း၌ ဆွဲပြေးရာ အေအိုင်အေ နောက်ခံလူသုံးဦးက ဝိုင်းညှပ်သလို ဖြစ်သွားသောကြောင့် မြန်မာအသင်း ပိုင်နယ်တီကန်ခွင့်ရသွားသည်။ အဆိုပါ ပိုင်နယ်တီကို အေးနန္ဒာလှိုင်က ကန်သွင်းလိုက်၍ မြန်မာလက်ရွေးစင် အမျိုးသမီးအသင်း အဖွင့်ဂိုးရရှိသွားသည်။ ထို့နောက်ပိုင်းတွင် မြန်မာအသင်းက ပို၍ထိုးဖောက်နိုင်သော်လည်း တိုက်စစ်မှူးများနားလည်မှုလွဲနေခြင်း၊ အလယ်တန်းမှ ဖန်တီးပေးမှု အားနည်းခြင်းတို့ကြောင့် ဂိုးထပ်မရဖြစ်နေသည်။

